ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ တနင်္လာနေ့၊ (14-1-2008) (၅၅၆၂)

၂၀၀၇–၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော်　　ဇန်နဝါရီ　　၁၃

၂၀၀၇–၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ပြိုင်ပွဲအစီအစဉ်များကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ နေပြည်တော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ ပွဲစဉ်များအားလုံး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေ ၆ နာရီ ၁၅ မိနစ်တွင် ကျင်းပရာ ၂၀၀၇–၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲများ၌ အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၅၆၉ ဖြင့် တတိယဆုရ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၅၅၆ ဖြင့် ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၅၂၉ ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်း၊ အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၇၂၀ ဖြင့် တတိယဆုရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၆၈၈ ဖြင့် ဒုတိယဆုရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၆၆၁ ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်း၊ တစ်ဦးချင်း (အကျော့ပေး)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၁၂၉ ဖြင့် တတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးနိုင်လင်းဦး၊ အသားတင်ရိုက်ချက် ၁၂၅ ဖြင့် ဒုတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းမှ ဗိုလ်ကြီးဟိန်းမင်းထက်၊ အသားတင် ရိုက်ချက် ၁၂၃ ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးမင်းချမ်းဟိန်း၊ တစ်ဦးချင်း (အကျော့မဲ့)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၁၆၁ ဖြင့် တတိယဆုရ တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးအောင်နိုင်ဝင်း၊ အသားတင်ရိုက်ချက် ၁၅၉ ဖြင့် ဒုတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးမင်းချမ်းဟိန်း၊ အသားတင်ရိုက်ချက် ၁၅၃ ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်မှူးမောင်မောင်မြင့်၊ တစ်ဦးချင်း (အကျော့ပေး/အကျော့မဲ့) ပြိုင်ပွဲ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ၂၀၀၇–၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲ၌ တံခွန်စိုက်ဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ၂၀၀၇–၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် (အကျော့မဲ့) ပြိုင်ပွဲ၌ တံခွန်စိုက်ဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ညအပူချိန်များ

၁၃–၁–၂၀၀၈

ဟားခါး
၀ ဒီဂရီစင်တီဂရိတ်

ပင်လောင်းနှင့် လွိုင်လင်
၁ ဒီဂရီစင်တီဂရိတ်စီ

နမ့်စန်နှင့် မိုးကုတ်
၄ ဒီဂရီစင်တီဂရိတ်စီ

ကြေးမုံ The Mirror — အင်တာနက် ကျန်းမာရေးသတင်း

နှစ်ခြိုက်စွာ မအိပ်ရသူ လူငယ်များ၌ အမျိုးအစား–၂ ဆီးချိုရောဂါရနိုင်

ဝါရှင်တန်　　ဇန်နဝါရီ　　၁၀

အရွယ်ရောက်ပြီး လူငယ်များတွင် နှစ်ခြိုက်စွာ အိပ်ပျော်သည့်အချိန် နည်းပါးလာလျှင် ထိုလူငယ်များ၏ သွေးအတွင်းရှိ သကြားဓာတ်ကို ထိန်းချုပ်နိုင်မှုစွမ်းရည် လျော့ပါးသွားသည်ကို တွေ့ရှိရသည်။ ယင်းအခြေအနေကြောင့် နှစ်ခြိုက်စွာ မအိပ်ရသော လူငယ်များတွင် ဆီးချိုရောဂါ အမျိုးအစား–၂ ဖြစ်ပေါ်လာရန် အလားအလာ များပြားစေသည်ကို ချီကာဂိုတက္ကသိုလ် ဆေးပညာဌာန၏ ဒီဇင်ဘာ ၃၁ ရက်ထုတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

လူငယ်တစ်ဦးသည် သုံးညမျှ နှစ်ခြိုက်စွာ မအိပ်ရသောအခြေအနေနှင့် ကြုံရလျှင် ၎င်း၏ ခန္ဓာကိုယ်က အင်ဆူလင်ဓာတ်အပေါ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄–၁–၂၀၀၈
(တနင်္လာနေ့)

မြို့ပြ သန့်ရှင်းလှပရေး အလေးထားဆောင်ရွက်

မြို့ပြ၊ ကျေးရွာ ပတ်ဝန်းကျင် သပ်ရပ်သန့်ရှင်း၊ သာယာလှပနေခြင်းသည် ပြည်သူတိုင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းမှုကို ရရှိစေသည်။ မြို့ပြအင်္ဂါရပ်များနှင့်အညီ ကျန်းမာသန့်ရှင်းသော လူမှုပတ်ဝန်းကျင် ဖြစ်ပေါ်နေစေရန် ပြည်သူများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်ကြရမည်ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များက ပြည်သူများ၏ လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို ဖန်တီးဖြည့်ဆည်းပေးလျက်ရှိရာ ကူးသန်းဆက်သွယ် ရောင်းဝယ်ဖောက်ကားမှုများ လွယ်ကူစေရေး၊ မြို့၊ ရွာ၊ ဈေး၊ ကျောင်း၊ လမ်း သန့်ရှင်း ကောင်းမွန်စေရေးနှင့် ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေးလုပ်ငန်းများ ပါဝင်သည်။

ထို့အပြင် မြို့ပြပတ်ဝန်းကျင် သာယာလှပရေး၊ အမှိုက်သရိုက်ရှင်းလင်းရေး၊ လျှပ်စစ်မီးလင်းရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

မြို့ပြသန့်ရှင်း သာယာလှပရေး လုပ်ငန်းများသည် တစ်နေ့ချင်း၊ တစ်လချင်း လုပ်ကိုင်၍ ပြီးစီးသွားသည်မဟုတ်ဘဲ နေ့စဉ် နေ့တိုင်း လုပ်ဆောင်သွားကြရမည့် လုပ်ငန်းများဖြစ်သည်။ ပြည်သူများအပိုင်းကလည်း အမှိုက်သရိုက် အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ခြင်း၊ အိမ်၊ ခြံ၊ ကျောင်း၊ ရုံး၊ ဈေး ပတ်ဝန်းကျင် သန့်ရှင်းရေး နေ့စဉ် ရှင်းလင်းခြင်းတို့ဖြင့် ပါဝင်ကူညီကြရမည်ဖြစ်သည်။

မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသော နေရာများတွင် အမှိုက်စွန့်ပစ်ခြင်း၊ လူသွားစင်္ကြံပေါ် ကျူးကျော်၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ခရီးသည်တင်ယာဉ်ပေါ်မှ အမှိုက်များပစ်ချခြင်း၊ ကွမ်းတံတွေး ထွေးချခြင်း လုပ်ရပ်များသည် မြို့ပြသန့်ရှင်းသပ်ရပ်မှုကို ပျက်ယွင်းစေသဖြင့် သတိပြုဆင်ခြင်ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

မြို့ပြသာယာလှပရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများတွင် ပြည်သူများအားလုံးက အသိတရားနှင့်ယှဉ်၍ စည်းကမ်းရှိရှိ၊ တာဝန်သိသိ ပူးပေါင်းကူညီဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာသန့်ရှင်းသော လူမှုပတ်ဝန်းကျင်များ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း သာကေတမြို့နယ်(၇)ရပ်ကွက် ဇိနမာရ်အောင်စေတီအနီး သုညတဓမ္မကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ မဂ္ဂဓမ္မလေးထပ်ကျောင်းဆောင် မတည်အလှူရှင်စင်ကာပူမှ ဒေါက်တာစိုင်းကျော်ရွှေ–ဒေါ်သန်းသန်းထွေး၊ သမီးနန်းမိုးပွင့်ဖြူ၊ နန်းသဒ္ဒါထက်မိသားစုက အလှူငွေကျပ်သိန်း ၃၀ ကို သုညတဓမ္မဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင်၊ နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ တရုတ်ပြည်သူများအသင်းဥက္ကဋ္ဌ မဒမ်ခေါ်လုလီခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်၊ နေပြည်တော်မြို့တော်ဝန်သည် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်အတွင်း တည်ဆောက်နေမှုများ၊ တည်ဆောက်ပြီးသော ဟိုတယ်ဇုန်များ၊ Shopping Complex များ၊ နေပြည်တော်မြို့မဈေးနှင့် သပြေကုန်းဈေး၊ ဝန်ထမ်းအိမ်ရာများ စသည်တို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ရှင်းလင်းပြသပြီး ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲအင်းဂူခုနစ်ရက်အဓိဋ္ဌာန်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဇန်နဝါရီ ၂၀ရက်မှ ၂၇ရက်ထိ သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းကို ဖွင့်မည်ဖြစ်သည်။ တရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယပဓာနကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ကုန္တာဝံသ (မုံရွာ)နှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဇဝနတိက္ခ (ရွှေအင်တုံ) အရှင်သူမြတ် နှစ်ပါးတို့က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၁၉ရက်(စနေနေ့) ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် လမ်းမတော်မြို့နယ် လမ်းသစ်ရိပ်သာနေ မိခင်ဒေါ်သိန်းမြင့်၊ သား ဝင်းဇော်သန်း၊ မျိုးသက်နိုင်တို့က ငွေကျပ် ၁၃၀၀၀၀ ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြတ်မင်္ဂလာအဘိဓမ္မာသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်း ဇမ္ဗူရတနာယဉ်ကျေးလိမ္မာသင်တန်းခန်းမ၌ အဘိဓမ္မာသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် သဒ္ဓမ္မဇောတိကဓဇ အရှင်ဩဘာသက အဖွင့် ဩဝါဒ စကားမြွက်ကြားသည်။ သင်တန်းနာယက ဦးထင်မျိုး (သာသနာရေးဦးစီးဌာန အငြိမ်းစားပေးအရာရှိ၊ ဥက္ကဋ္ဌ စွယ်တော်မြတ်စေတီတော်ဂေါပက) က အမှာစကားပြောကြားပြီး သင်တန်းဥက္ကဋ္ဌ ဦးသိန်းညွန့်(ကျောင်းအုပ်ဆရာကြီးအထက–၃၊ မြောက်ဥက္ကလာပ) က ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၅ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ၁၁ လကြာမြင့်မည်ဖြစ်သည်။

အလှူရှင် ဦးချိုအေး(ACA)က သင်တန်းသားကိုင်အဘိဓမ္မာစာအုပ်များကိုလည်းကောင်း၊ အလှူရှင် ဦးစိုးဝင်းသိန်း(အဓိပတိပုံနှိပ်တိုက်)က ဗလာစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (က–ပ)

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးကော်မတီကကြီးမှူး၍ သတ္တမအကြိမ်သွေးလှူဒါန်းပွဲတွင် ဈေးသူ၊ ဈေးသားများနှင့် မိသားစုများစုပေါင်းသွေးလှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဘုရင့်နောင်ဈေးကြီး ဈေးသူ၊ ဈေးသားများ သတ္တမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးကော်မတီကကြီးမှူး၍ သတ္တမအကြိမ်သွေးလှူဒါန်းပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ဘုရင့်နောင်ဈေးကြီးဈေးသာယာရေးအဖွဲ့ရုံး၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဈေးများဌာန လက်ထောက်ဌာနမှူး ဦးထွန်းနိုင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတာဝန်ခံဆရာဝန်ကြီးဒေါက်တာသီတာအောင်၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှအေးနှင့်ကော်မတီဝင်များ၊ သွေးလှူရှင်များ၊ ဈေးသူ၊ ဈေးသား မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လွင်က သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်အား အမျိုးသားသွေးဌာနအတွက် လှူဒါန်းငွေကျပ် ၁၇၁၇၂၈၀ကို အလှူရှင်များကပေးအပ်လှူဒါန်းပြီး ဈေးသူ၊ ဈေးသား မိသားစု ၄၂၅ဦးတို့ သွေးလှူဒါန်းကြသည်။

ဘုရင့်နောင်ဈေးကြီးမိသားစုများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ ယခုသတ္တမအကြိမ်အထိ သွေးပုလင်းပေါင်း ၁၈၃၇ပုလင်း၊ အလှူငွေကျပ် ၇၂သိန်းကျော် လှူဒါန်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ရေးချုပ်ရုံး ဝန်ထမ်းဟောင်းများနှင့် မိသားစုဝင်များစုပေါင်း၍ ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဆွမ်းပဒေသာပင်ငွေကျပ် ၁၃၀၀၀၀ကို ဇန်နဝါရီ ၁၂ ရက်က လှူဒါန်းရာ ဘိုးဘွားရိပ်သာတွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

✱ ရှေ့ဖုံးမှ

များတွင်ပါ အများဆုံးဆုကို နှစ်ရက်ပေါင်းပါ ၂၅ ကျင်း ရိုက်နိုင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်မှူးမောင်မောင်မြင့်၊ တစ်ဦးချင်း(အကျောပေး/အကျောမဲ့) ပြိုင်ပွဲများတွင် ဘာဒီ အများဆုံးဆုကို နှစ်ရက်ပေါင်း ဘာဒီ လေးကျင်းရိုက်နိုင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးမင်းချမ်းဟိန်း၊ ပထမနေ့တစ်ဦးချင်း(အကျောပေး) အကောင်းဆုံး အားကစားသမားဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးမင်းချမ်းဟိန်း၊ ဒုတိယနေ့ တစ်ဦးချင်း(အကျောပေး) အကောင်းဆုံးအားကစားသမားဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးနိုင်လင်းဦး၊ ပထမနေ့ တစ်ဦးချင်း(အကျောမဲ့) အကောင်းဆုံး အားကစားသမားဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်မှူးမောင်မောင်မြင့်၊ ဒုတိယနေ့ တစ်ဦးချင်း(အကျောမဲ့) အကောင်းဆုံး အားကစားသမားဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းမှ ဒုတိယဗိုလ်မှူးကြီးမိုးအောင်၊ ပထမနေ့ အဝေးဆုံးရိုက်ချက်ဆုကို ကျင်းအမှတ်(၁၂)တွင် ၂၅၈ကိုက် ရိုက်နိုင်ခဲ့သော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးအောင်မြင့်သိန်း၊ ဒုတိယနေ့ အဝေးဆုံးရိုက်ချက်ဆုကို ကျင်းအမှတ်(၁၂)တွင် ၂၆၈ကိုက် ရိုက်နိုင်ခဲ့သော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးရဲထက်၊ ပထမနေ့ အနီးဆုံးရိုက်ချက်ဆုကို ကျင်းအမှတ်(၅)တွင် ၁၂ ပေ ၁၁ လက်မ ရိုက်နိုင်ခဲ့သော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးအောင်နိုင်ဦး၊ ဒုတိယနေ့ အနီးဆုံး ရိုက်ချက်ဆုကို ကျင်းအမှတ်(၅)တွင် ၃ ပေ ၃ ဒသမ ၅ လက်မ ရိုက်နိုင်ခဲ့သော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်ကြီးဖြိုးဝေလင်း၊ အကြိုးစားဆုံး အားကစားသမား (အကျောပေး)ဆုကို အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းမှ ဒုတိယဗိုလ်မှူးကြီးလှဌေး၊ အကြိုးစားဆုံးအားကစားသမား (အကျောမဲ့)ဆုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးမိုးလွင်၊ အကြိုးစားဆုံးအသင်း (အကျောပေး) ဆုကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်း၊ ၂၀၀၇–၂၀၀၈ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက်(အကျောမဲ့) ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၆၆၁ ချက်ဖြင့် တံခွန်စိုက်ဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းနှင့် အသင်းလိုက်(အကျောပေး)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၅၂၉ ချက်ဖြင့် တံခွန်စိုက်ဆု ရရှိသွားသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ဆုများ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

❁ နှစ်ခြိုက်စွာ မအိပ်ရသူမှ

ထိန်းချုပ်နိုင်မှုလည်း နည်းပါးလာသည်ကို တွေ့ရသည်ဟု ဆိုသည်။ အင်ဆူလင် ဟော်မုန်းဓာတ်သည် သွေးအတွင်းရှိ သကြားဓာတ်အနည်းအများကို ထိန်းညှိပေးသော ဓာတ်ပစ္စည်းဖြစ်သည်။

အအိပ်ပျက်လာလျှင် သွေးအတွင်းရှိ ဂလူးကို့စ် အချိုဓာတ်ကို ထိန်းချုပ်ပေးရန် အင်ဆူလင်ဓာတ် ပို၍လိုအပ်လာသည်။ သို့သော် နှစ်ခြိုက်စွာ မအိပ်ရသူတွင် ယင်းဓာတ်ကို လိုအပ်ချက်နှင့်အညီ ထုတ်ပေးနိုင်ခြင်းမရှိသဖြင့် သွေးအတွင်းမှ သကြားဓာတ်အား ထိန်းချုပ်ရန် အခက်အခဲ ဖြစ်ရသည်။ သို့ဖြစ်၍ အိပ်ပျက်သူ လူငယ်များတွင် အမျိုးအစား(၂) ဆီးချိုရောဂါ ရလာရန် အလားအလာလည်း များလာခြင်းဖြစ်သည်ဟု ဆိုသည်။

လူ၏ခန္ဓာကိုယ်တွင် အင်ဆူလင် ဟော်မုန်းဓာတ်ထုတ်လုပ်မှု နည်းပါးလာလျှင် ခန္ဓာကိုယ်အလေးချိန်လည်း ပေါင် ၂၀ မှ ၃၀ အထိ တိုးလာသည့် လက္ခဏာကို တွေ့ရသည်။

သို့ဖြစ်၍ လူတစ်ဦးတွင် ဆီးချိုရောဂါ အမျိုးအစား(၂) ဖြစ်ပွားလာမည့် အလားအလာမှ လျော့နည်းသွားစေရန် နှစ်ခြိုက်စွာ အိပ်ပျော်ရန် လိုအပ်မည်ဖြစ်သည်။ အိပ်ချိန်လည်း လုံလောက်စွာရရှိရန် လိုအပ်သည်ဟု ပညာရှင်များက သုံးသပ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က အထက(၆)၊ ဗိုလ်တထောင်၊ အောင်ကျော်ခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းအေးက အသက်တစ်နှစ်ခွဲမှ နှစ်နှစ်အထိ (ဃ)အုပ်စုတွင် ပထမရရှိသူ မောင်မင်းသိန်းအား ဆုလက်ဆောင်ပစ္စည်းပေးအပ်စဉ်။
(မြို့နယ် မိခင်/ကလေး)

ဒေါပုံမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇–၂၀၀၈ ပညာသင်နှစ် စာပေနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၈ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်လမင်းထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်း ဆုချီးမြှင့်စဉ်။
(ပညာရေး)

ပညာရှိစိတ်ဓာတ်

ခိုင်မာသော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်လှုပ်သကဲ့သို့၊ ပညာရှိသူတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကြကုန်။

(ဓမ္မပဒ ၈၁)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံမှ ကုမ္ပဏီဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Co., Ltd. မှ Vice President, Mr. Makin Petplai နှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Co., Ltd မှ Vice President Mr. Makin Petplai နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ် ဂျာနယ် အတွဲ(၄)၊ အမှတ်(၃) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ "လုပ်သင့်တာတွေ လုပ်ချင်တာတွေ" အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ အဆောက်အအုံအမြင့်များ ဓာတ်လှေကားတပ်ဆင်ရမည့် စည်းကမ်းချက်ကို ရှစ်ထပ်အမြင့်မှ ၇၅ ပေအထက်သို့ ပြောင်းလဲသတ်မှတ်၊ မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် စခန်းသစ်များ တိုးချဲ့ဖွင့်လှစ်မည်။ အင်းစိန်ဂျိုတီအိုင်ကျောင်းဝင်းအတွင်းတွင် ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုပြီ၊ မြန်မာ–တရုတ်ခရီးသွားလုပ်ငန်းမြှင့်တင်ပေးမည့် ထိန်ချုံ–ကန်ပိုက်တီး–မြစ်ကြီးနားကားလမ်း ပြီးစီးတော့မည်၊ ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တွေ့ဆုံ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အောင်မြင်သူတစ်ဦးအကြောင်း "သာမန်အရောင်း ဝန်ထမ်းဘဝမှ အောင်မြင်မှုရအောင် စွမ်းဆောင်ခဲ့သူ ကိုကျော်ကိုကို (Marketing Services Manager) နှင့် တွေ့ဆုံခြင်း၊ အလုပ်နှင့်ပညာရေး "စင်ကာပူအစိုးရအသိအမှတ် ပြုဒီပလိုမာလက်မှတ် ဘယ်လိုရွေးချယ်ရမလဲ"နှင့် "မတုန်မမှုန်သည့် ဒီဗွီဒီရေစီးအဟုန်" ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

"မန်ယူနှင့်ချယ်လ်ဆီး ထိပ်တိုက်တွေ့ဆုံပြီး လီဗာပူး ပွဲမချောင်ပါ" အားကစားဆောင်းပါးနှင့်အတူ ခိုကိုးရာမဲ့တယ်လို့ခံစားရရင် တစ်ဦးတည်းနေတာ အကောင်းဆုံးပါ၊ မတ်ဆူရှီတာက ၎င်း၏အမည်ကို ပင်နာဆောနစ်ဟုပြောင်းမည်၊ စင်ကာပူတွင် အမှုသည်တို့၏ငွေများကို အလွဲသုံးစားလုပ်သော ဥပဒေအကျိုးဆောင်များကို စိစစ်မည့်ကော်မတီဖွဲ့စည်းမည်၊ သီရိလင်္ကာက သောင်းကျန်းသူများကို လက်နက်ချရန်တောင်းဆို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လာ ရောက်သည့် နိုင်ငံခြားသားများအတွက် မှတ်ပုံတင်ဥပဒေမလိုအပ်၊ တရုတ်နိုင်ငံက ပြစ်မှုကျူးလွန်သူများအတွက် ဥပဒေပြောင်းလဲသတ်မှတ်မည်၊ ကွယ်လွန်သွားပြီဖြစ်သော မင်းသမီးကို ထိုင်းပြည်သူပြည်သားများက ရိုသေလေးစားသမှုပြုစသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင် စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၃

ဗိုလ်ကြီးကျော်မင်းခိုင်သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးဝင်းစိုး၊ ဗိုလ်မှူးအောင်နိုင်ဦး၊ ဗိုလ်မှူးညီညီဝင်း၊ ဗိုလ်ကြီးဝေလင်းစိုးတို့နှင့်အတူ အမှတ်(၁) လှျပ်စစ်စွမ်းအား ရေအားပေါင်းလောင်းဂေါက်ကွင်း၌ ဇန်နဝါရီ ၅ ရက်တွင် ဂေါက်သီးရိုက်ကစားကြစဉ် Maxfli (2) ဘောလုံးကို Callaway Hawk Eye Wood (5)တုတ်ဖြင့်ရိုက်လိုက်ရာ ၁၆၈ ကိုက် အကွာအဝေးရှိ ကျင်းအမှတ်(၈) သို့ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

The Mirror ကြေးမုံ နိုင်ငံတကာ နောက်ဆုံးသတင်းများ

အနောက်အုပ်စု၏ စွပ်စွဲချက် မှားယွင်းနေ အိုင်အေအီးအေနှင့် အီရန် ပူးပေါင်းဆောင်ရွက်မည်

တီဟီရန် ဇန်နဝါရီ ၁၃

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် စစ်ရေးရည်မှန်းချက်များအတွက်ဖြစ်သည်ဆိုသော အနောက်အုပ်စု၏ စွပ်စွဲချက်မှားယွင်းနေပုံကို သက်သေထူနိုင်ရန် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အီရန် နျူကလီးယား စေ့စပ်ဆွေးနွေးရေးမှူးချုပ် ဆာယိဒ်ဂျာလီယီက စနေနေ့ တွင် ပြောကြားလိုက်သည်။

ဂျာလီယီသည် တီဟီရန်မြို့တွင် အိုင်အေအီးအေ အကြီးအကဲ မိုဟာမက်အယ်လ်ဘာရာဒေးနှင့် တွေ့ဆုံရာ၌ ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းသော ရည်မှန်းချက်များအတွက်သာဖြစ်ပြီး အနောက်အုပ်စု၏စွပ်စွဲမှုမှာ မှန်ကန်ခြင်းမရှိကြောင်း ဂျာလီယီက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်နေသည်ကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန် နျူလက်နက်များလုံခြုံရေး အိုင်အေအီးအေအကြီးအကဲ တိုက်တွန်း

ဗီယင်နာ ဇန်နဝါရီ ၁၃

ပါကစ္စတန်နိုင်ငံတွင် နျူကလီးယားလက်နက်များ လုံခြုံမှုရှိရန် လုပ်ဆောင်သင့်သည်ဟု ကုလသမဂ္ဂ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ) အကြီးအကဲ မိုဟာမက်အယ်လ်ဘာရာဒေးက စနေနေ့တွင် တိုက်တွန်းလိုက်သည်။

အစိုးရက ပယ်ချ

ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်များ စစ်သွေးကြွများ၏ လက်ဝယ်သို့ ရောက်ရှိသွားနိုင်သည်ဆိုသော ဘာရာဒေး၏ ပြောဆိုချက်ကို ပါကစ္စတန်အစိုးရက ပယ်ချခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်များ လုံခြုံမှုရှိရေးအတွက် ယင်းနိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေများကို အနီးကပ်စောင့်ကြည့်လေ့လာနေကြောင်း အိုင်အေအီးအေအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မယ်လစ်ဆာဖလမ်းမင်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇန်နဝါရီ ၁၀ ရက်က ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးခွဲ၍ လူစုခွဲစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကင်ညာနိုင်ငံရေးပြဿနာ အဆုံးသတ်ရေး ကုလ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် စေ့စပ်ပေးမည်

နိုင်ရိုဘီ ဇန်နဝါရီ ၁၃

ကင်ညာနိုင်ငံတွင် နိုင်ငံရေးပြဿနာအဆုံးသတ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ဥရောပသမဂ္ဂ(အီးယူ)နှင့် ကုလသမဂ္ဂတို့က ယင်းနိုင်ငံရှိ နိုင်ငံရေးသမားများကို တိုက်တွန်းလိုက်သည်။ ကင်ညာနိုင်ငံတွင် ဒီဇင်ဘာ ၂၇ ရက် ရွေးကောက်ပွဲနောက်ပိုင်း နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုများကြောင့် လူပေါင်း ၅၀၀ ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။

ကင်ညာနိုင်ငံရေးပြဿနာ ပြေလည်စေရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က ကြားဝင်စေ့စပ်ပေးမည်ဖြစ်သည်။ ကင်ညာရွေးကောက်ပွဲတွင် သမ္မတ အမ်ဝေကီဘာကီက မဲလိမ်ခဲ့သည်ဟု အတိုက်အခံတို့က စွပ်စွဲခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့သည်။

ကင်ညာပြဿနာကို ဖြေရှင်းနိုင်ရန် အာဖရိကသမဂ္ဂက ကြားဝင်စေ့စပ်ပေးခဲ့သော်လည်း ဆွေးနွေးပွဲပျက်ပြားသွားခဲ့ပြီးနောက် အတိုက်အခံတို့က ဆန္ဒပြမှုများထပ်မံပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဂွမ်တာနာမိုပင်လယ်အော်ရှိ ထိန်းသိမ်းရေးစခန်းမှ အကျဉ်းသားအားလုံးလွှတ်ပေးရန် ယီမင်တောင်းဆို

ဆာနား ဇန်နဝါရီ ၁၃

ဂွမ်တာနာမိုပင်လယ်အော် ထိန်းသိမ်းရေးစခန်းရှိ အကျဉ်းသားများအားလုံးကို အမေရိကန်နိုင်ငံက ပြန်လည်လွှတ်ပေးရန် ယီမင်နိုင်ငံက တနင်္ဂနွေနေ့တွင် တောင်းဆိုလိုက်သည်။

အကျဉ်းသားအားလုံးပြန်လွှတ်

အမေရိကန်အစိုးရသည် ဂွမ်တာနာမိုပင်လယ်အော်ရှိ အမေရိကန်ရေတပ်စခန်းတွင် ဖွင့်လှစ်ထားသည့် အကျဉ်းစခန်းမှ အကျဉ်းသားများအားလုံးကို ပြန်လည်လွှတ်ပေးခြင်းဖြင့် ယင်းနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများ ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလားက သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်ထံ ပေးပို့သည့်စာတွင် ဖော်ပြထားသည်။

ဂွမ်တာနာမိုပင်လယ်အော် ထိန်းသိမ်းရေးစခန်းတွင် ယီမင်နိုင်ငံသား ၁၀၀ ခန့် အကျဉ်းကျနေသည်။ ယင်းစခန်းတွင် စုစုပေါင်းအကျဉ်းသား ၂၇၅ ဦးခန့်ရှိသည်ဟု ယူဆရကြောင်း ယီမင်သတင်းဌာနက သတင်းဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန် နိုင်ငံရေးပြဿနာ ဖြေရှင်းရေး အီဂျစ်သမ္မတ ဟိုစနီမူဘာရက် တိုက်တွန်း

ကိုင်ရို ဇန်နဝါရီ ၁၃

လက်ဘနွန်နိုင်ငံရေးပြဿနာအား ဖြေရှင်းနိုင်ရန် အာရပ်နိုင်ငံများ၏ အစီအစဉ်ကို ယင်းနိုင်ငံရှိ နိုင်ငံရေးပါတီများက လက်ခံကြရန် အီဂျစ်သမ္မတ ဟိုစနီမူဘာရက်က စနေနေ့တွင် တိုက်တွန်းသည်။

သမ္မတ မူဘာရက်သည် ကိုင်ရိုမြို့တောင်ဘက် ကီလိုမီတာ ၄၅၀ ခန့်အကွာ ကီနာမြို့သို့ ရောက်ရှိနေစဉ် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အာရပ်နိုင်ငံများ၏ အစီအစဉ်ကို လက်ဘနွန်နိုင်ငံရေးပါတီများ လက်ခံကြခြင်းမရှိပါက ယင်းနိုင်ငံ၏ နိုင်ငံရေးပြဿနာမှာ ပြေလည်မည်မဟုတ်ကြောင်း မူဘာရက်က ပြောကြားသည်။

အစီအစဉ်တစ်ရပ် အတည်ပြုနိုင်

အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဇန်နဝါရီ ၆ ရက်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အထူးအစည်းအဝေးကျင်းပခဲ့ရာ၌ လက်ဘနွန် ပြဿနာဖြေရှင်းရေးအတွက် အစီအစဉ်တစ်ရပ်ကို အတည်ပြုနိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တောင်ပိုင်း၌ မိုင်းဗုံးပေါက်ကွဲ

ကဘူးလ် ဇန်နဝါရီ ၁၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ဇန်နဝါရီ ၉ ရက်က မိုင်းဗုံးပေါက်ကွဲမှုကြောင့် နေတိုးဦးဆောင်သော နိုင်ငံစုံလုံခြုံရေးတပ်ဖွဲ့ (အိုင်အက်စ်အေအေက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြသည်။

လွန်ခဲ့သော နှစ်အနည်းငယ်ကတည်းက တာလီဘန်တိုက်ခိုက်ရေးသမားများ၏ အကြမ်းဖက်မှုနှင့် လမ်းဘေးဗုံးပေါက်ကွဲခြင်းတို့ကြောင့် အာဖဂန်ရှိ များစွာသော ပြည်သူများ သေဆုံးခဲ့ရခြင်းနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ဇန်နဝါရီ ၇ ရက်တွင် ညွှန့်ပေါင်းတပ်ဖွဲ့မှ သယ်ယူပို့ဆောင်ရေးယာဉ် ဖြတ်သန်းသွားစဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာရေးရာ သတင်းများ

ဂျီ–၈ထိပ်သီးအစည်းအဝေး ကျင်းပမည့်နေရာအနီး ဒုံးခွင်းဒုံးကာကွယ်ရေးစနစ် ဖြန့်ကြက်ထားဖွယ်ရှိ

တိုကျို ဇန်နဝါရီ ၁၃

ဂျပန်နိုင်ငံမြောက်ပိုင်းဟိုကိုင်းဒိုးကျွန်း၌ စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု(ဂျီ–၈) ထိပ်သီးအစည်းအဝေး ကျင်းပမည့်နေရာအနီးတွင် ဂျပန်အစိုးရက ဒုံးခွင်းဒုံးစနစ်များ ဖြန့်ကြက်ထားဖွယ်ရှိကြောင်း ဆန်ကေးရှင်ဘွန်းသတင်းစာက စနေနေ့တွင် ရေးသားသည်။

ဂျပန်နိုင်ငံသည် တိုက်ချင်းပစ်ဒုံးပျံများ၏ ဘေးရန်မှကာကွယ်နိုင်ရန် ပက်ထရီယော့ဒုံးကျည်များကို ဂျပန်နိုင်ငံမြောက်ပိုင်း အရှမာလေတပ်အခြေစိုက်စခန်းတွင် လွန်ခဲ့သည့်မတ်လအတွင်းက ဖြန့်ကြက်ထားခဲ့သည်။

သို့ရာတွင် ပက်ထရီယော့ဒုံးကျည်များသည် ကီလိုမီတာ၂၀ခန့်သာ ပစ်ခတ်နိုင်သဖြင့် လိပ်တိုယာကိုဒေသရှိ(ဂျီ–၈) ထိပ်သီးအစည်းအဝေး ကျင်းပမည့် နေရာအနီး၌ ဒုံးခွင်းဒုံးစနစ် ဖြန့်ကြက်ထားရန်လိုအပ်ကြောင်း ကာကွယ်ရေးဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယင်းအစည်းအဝေးသို့ အမေရိကန်၊ ကနေဒါ၊ ယူနိုက်တက်ကင်းဒမ်း၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ရုရှားနှင့်ဂျပန်နိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။

ဆွေးနွေးပွဲကျင်းပမည့်နေရာကို တိုက်ချင်းပစ်ဒုံးကျည်ဖြင့် တိုက်ခိုက်နိုင်မည့်အခွင့်အလမ်း နည်းပါးသော်လည်း ဂျပန်အစိုးရကကြိုတင်ကာကွယ်ရန် စီစဉ်ထားခြင်းဖြစ်သည်ဟု သတင်းစာက ရေးသားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ထိုင်းတောင်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွား၊ အုပ်ချုပ်ရေးအဖွဲ့အကြီးအကဲ သေဆုံး

ဗန်ကောက် ဇန်နဝါရီ ၁၃

ထိုင်းနိုင်ငံတောင်ပိုင်းတွင် စနေနေ့ နံနက်ပိုင်းက အစိုးရတာဝန်ရှိသူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်ခတ်

သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးသူမှာ ဆမ်မာစီသာဘွန် အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲ အဗ္ဗဒူလ်တာရိ ရေနီလာဆိုသူဖြစ်ပြီး နာရာသီဝပ်ပြည်နယ် ရူဆိုခရိုင်တွင် ပစ်ခတ်ခံခဲ့ရသည်။

အဗ္ဗဒူလ်တာရိသည် ကားဖြင့် မောင်းနှင်လာချိန်တွင် မော်တော်ဆိုင်ကယ်စီး သေနတ်သမားများက ၎င်းကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘာနာဇီဘူတို လုပ်ကြံခံရမှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂစုံစမ်းစစ်ဆေးမှုကို မူရှာရက်ဖ်လက်မခံ

ပက်ရှ်ဝါ ဇန်နဝါရီ ၁၃

ပါကစ္စတန်အတိုက်အခံခေါင်းဆောင် ဘာနာဇီဘူတိုလုပ်ကြံခံရမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးမှုကို မိမိလက်ခံမည်မဟုတ်ကြောင်း သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံရှိ တရားဥပဒေစိုးမိုးရေးဌာနများသည် ဘာနာဇီဘူတို လုပ်ကြံခံရမှုကို ဗြိတိန်နိုင်ငံ စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့၏ အကူအညီဖြင့် စုံစမ်းစစ်ဆေးနေပြီဖြစ်ရာ ကုလသမဂ္ဂက စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လိုအပ်မည်မဟုတ်ကြောင်း မူရှာရက်ဖ်က ပြောကြားသည်။

ဖေဖော်ဝါရီလ ပါလီမန်ရွေးကောက်ပွဲ မကျင်းပမီ စုံစမ်းစစ်ဆေးမှုဆိုင်ရာ အစီရင်ခံစာကို ထုတ်ပြန်နိုင်မည်ဟု မျှော်လင့်ရကြောင်း ၎င်းကပြောကြားသည်။

ဘာနာဇီဘူတိုလုပ်ကြံသတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂက စုံစမ်းစစ်ဆေးပေးရန် ၎င်း၏သား ဘာရီလ်ဝါက ထပ်တလဲလဲ တောင်းဆိုခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် လက်ဘနွန်နိုင်ငံမဟုတ်ကြောင်း၊ လက်ဘနွန်တွင် ဝန်ကြီးချုပ်ဟောင်း ရာဖစ်ဟာရီရီ လုပ်ကြံသတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂက စုံစမ်းစစ်ဆေးခဲ့မှုကို ရည်ညွှန်းကာ မူရှာရက်ဖ်က ပြောကြားသည်။ ဘာနာဇီဘူတိုလုပ်ကြံခံရမှုကို စုံစမ်းစစ်ဆေးရာတွင် ပြည်ပနိုင်ငံများ၏ ပါဝင်ပတ်သက်မှုမရှိသင့်ကြောင်း မူရှာရက်ဖ်က ပြင်သစ်နိုင်ငံတွင် ထုတ်သော လီဖီဂါရိုသတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

အင်တာနက်။

အမေရိကန်သမိုင်း၌ ဘုရှ်သည်အဆိုးဆုံးဖြစ် ဝန်ကြီးဟောင်းဝေဖန်

ဝါရှင်တန် ဇန်နဝါရီ ၁၃

သမ္မတ ဂျော့ဂ်ျ ဒဗလျူဘုရှ်သည် အမေရိကန်နိုင်ငံသမိုင်းတွင် အဆိုးသွမ်းဆုံး သမ္မတများအနက် တစ်ဦးဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဟောင်း မက်ဒလင်း အော်ဘရိုက်က ဇန်နဝါရီ ၁၂ရက်တွင် ဝေဖန်လိုက်သည်။

အမေရိကန်နိုင်ငံ၏ နောက်သမ္မတသစ်သည် ရာသီဥတုပြောင်းလဲမှုပြဿနာနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများ၏ အမြင်များကို အလေးထားသင့်ကြောင်း အော်ဘရိုက်က ပြောကြားသည်။ အော်ဘရိုက်သည် သမ္မတ ဘီလ်ကလင်တန် လက်ထက်က နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

အော်ဘရိုက်သည် ၎င်းရေးသားပြုစုသည့် စာအုပ်စတင်ထုတ်ဝေသည့် အခမ်းအနားတွင် သမ္မတဘုရှ်အား ထိုးနှက်ဝေဖန်လိုက်ခြင်းဖြစ်သည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ လမ်းတစ်လမ်းတွင် ဆီးနှင်းများ သိပ်သည်းစွာ ကျရောက်လျက်ရှိသည်ကို ဇန်နဝါရီ ၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့ရှိ လောင်စာတင်ကားများ ရပ်နားရာစခန်းကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ဂျီးရီးယား၌လောင်စာဆီတင်ကား မီးလောင်ပေါက်ကွဲ ၃၀သေဆုံး၊ ဈေးဆိုင်များနှင့် ကားများပျက်စီး

ပို့ဟာကုတ် ဇန်နဝါရီ ၁၃

နိုင်ဂျီးရီးယားနိုင်ငံ၏ ရေနံလုပ်ငန်းတည်ရှိရာ ပို့ဟာကုတ်မြို့တွင် ဇန်နဝါရီ ၁၂ရက်က လောင်စာဆီတင် ကားတစ်စီး မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ လူ၃၀ ထက်မနည်း သေဆုံးပြီး ဈေးဆိုင်များနှင့် ကားများ ပျက်စီးခဲ့ရကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပို့ဟာကုတ်မြို့ရှိ မော်တော်ကားလမ်းဆုံတစ်နေရာတွင် လောင်စာဆီတင်ကားတစ်စီး မီးလောင်ပေါက်ကွဲခဲ့ရာ လူ၃၀ မီးလောင်ခံရပြီး သေဆုံးကြောင်း၊ လူအများအပြား ဒဏ်ရာရရှိကြောင်း ရေးဗားစတိတ်ပြည်နယ် ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာရီဂျူဘာရာဆောက ပြောကြားသည်။

ဘတ်စ်ကားဂိတ်အနီးတွင် လောင်စာဆီတင်ကား မီးလောင်ခဲ့ကြောင်း၊ ယင်းကားသည် ခိုးယူခဲ့သည့် ဓာတ်ဆီကို သယ်ဆောင်လာရာ ရဲကားတစ်စီးက ၎င်းကားနောက်မှ လိုက်လံဖမ်းဆီးစဉ် တိမ်းမှောက်သွား ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လောင်စာဆီတင်ကားသည် မောင်းပြေးရန် ကြိုးပမ်းစဉ် ဖောက်လုပ်ဆဲလမ်းတစ်လမ်း၌ စိုက်ထူထားသော အတားအဆီးတစ်ခုကို ဝင်တိုက်ကာ တိမ်းမှောက်ခဲ့သည်။

ဘတ်စ်ကား၁၀ စီး အပါအဝင် ကား ၁၃ စီးနှင့်အနီးရှိ ဈေးဆိုင်များမီးလောင်ပျက်စီးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပို့ဟာကုတ်မြို့တွင် လောင်စာဆီတင်ကား မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရခြင်းမှာ တစ်လအတွင်း ဒုတိယအကြိမ်ဖြစ်သည်။ ဇန်နဝါရီ ၁ ရက်က လောင်စာဆီတင် ကားတစ်စီးပေါက်ကွဲခဲ့ရာ နေအိမ်နှင့်ဆိုင်များ မီးလောင်ခဲ့သော်လည်း သေဆုံးသူမရှိခဲ့ပေ။

အင်တာနက်။

အင်ဒိုနီးရှား အမျိုးသမီးတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံး

ဂျကာတာ ဇန်နဝါရီ ၁၃

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ဆင်ခြေဖုံးဒေသတွင် အသက် ၁၆နှစ်ရှိ အမျိုးသမီးတစ်ဦး ကြက်ငှက်တုပ်ကွေးဖြစ်ပွားခဲ့ရာ ယင်းနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၁၇ဦးအထိ ရှိလာပြီးသေဆုံးသူ ၉၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားသည်။

ယင်းအမျိုးသမီးသည် ဘီကာဆီမြို့မှဖြစ်ပြီး ဘီတာဆီဆေးရုံတွင် ဆေးကုသမှု ခံယူပြီးနောက် ဂျကာတာမြို့ရှိ ကြက်ငှက်တုပ်ကွေး အထူးကု ပါရှာဘာတန်ဆေးရုံသို့ တက်ရောက်ကုသခဲ့သည်ဟု တာဝန်ရှိပုဂ္ဂိုလ် ဂျိုကိုဆူယိုနိုကပြောကြားသည်။ ၎င်းအမျိုးသမီး၏ သွေးနမူနာများကို ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ကြည့်ရာ H5N1 ကြက်ငှက်တုပ်ကွေး ဖြစ်စေသည့် ဗိုင်းရပ်စ်ပိုးကူးစက်ခံရကြောင်းတွေ့ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အဘတ်စ်နှင့် ဘုရှ်ပြောကြားချက် ဟားမတ်စ်ဥပဒေပြုအမတ် ဝေဖန်

ဂါဇာ ဇန်နဝါရီ ၁၂

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် အရှေ့အလယ်ပိုင်းဒေသသို့ အလည်အပတ် ရောက်ရှိနေသည့် အမေရိကန် သမ္မတ ဂျော့ဘုရှ်တို့က ပူးတွဲသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့မှုနှင့်ပတ်သက်၍ ဟားမတ်စ်ဥပဒေပြုအမတ်တစ်ဦးက သောကြာနေ့တွင် အပြင်းအထန်ဝေဖန်လိုက်သည်။

မာမွတ်အဘတ်စ်နှင့်သမ္မတ ဘုရှ်တို့သည် အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်တွင် နေ့စဉ်တိုက်ခိုက်မှုများပြုလုပ်နေသည်ကိုတစ်လုံးတစ်ပါဒမျှပြောကြားခြင်းမရှိကြောင်း ယာဟီယာမူဆာက ပြောကြားသည်။

အမေရိကန်အနာပိုလစ်မြို့၌ နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သည့် အရှေ့အလယ်ပိုင်းညီလာခံတွင် ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် အစ္စရေးက ပါလက်စတိုင်းအမျိုးသားအာဏာပိုင်အဖွဲ့(ပီအင်အေ)နှင့် သဘောတူညီခဲ့ပြီးနောက် အစ္စရေးက ဟားမတ်စ်ထိန်းချုပ်သည့် ဂါဇာကမ်းမြောင်ကို အရှိန်မြှင့် ထိုးစစ်ဆင်ခဲ့သည်။ အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းပြည်သူ ၅၀ခန့် သေဆုံးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

ဘဂ္ဂဒက်တောင်ပိုင်းတွင် ကန်စစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အမေရိကန်စစ်လေယာဉ်များသည် ဘဂ္ဂဒက်မြို့တောင်ပိုင်း ဆင်ခြေဖုံးဒေသရှိ အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများ၏ ပစ်မှတ်၄၀ ကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ဇန်နဝါရီ ၁၂ ရက် စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန် လေတပ်က အာရပ်ဂျေဘာဒေသရှိ အရေးပါသည့် ပစ်မှတ်သုံးခုကို တိုက်ခိုက်ရန် ဘီ–၁ ဗုံးကြဲလေယာဉ်နှစ်စင်းနှင့် အက်ဖ်–၁၆ ဂျက်တိုက်လေယာဉ်လေးစင်းကို စေလွှတ်ခဲ့သည်။ ယင်းဒေသသည် အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများအတွက် လုံခြုံသည့် စခန်းတစ်ခုဖြစ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တိုင်းရင်းဆေးဝါးများ ကြော်ငြာကြရာတွင် ...

မြတ်မိုး(တိုင်းရင်းဆေး)

ယနေ့ခေတ်ကို ဆက်သွယ်ရေးခေတ်ဟု ဆိုနိုင်သည်။ ရှေးယခင်က ကမ္ဘာကြီး၏ တစ်နေရာမှ တစ်နေရာသို့ သွားမည်ဆိုလျှင် လနှင့်ချီ ကြာကောင်းကြာမည်။ ကမ္ဘာ့တစ်နေရာမှ တစ်နေရာသို့ သတင်းအချက်အလက်များ ရောက်ရှိဖို့မှာလည်း အတော်အတန် အချိန်ယူခဲ့ရသည်။

ယနေ့ခေတ်ကတော့ ကမ္ဘာ့အရှေ့ခြမ်းက သတင်းသည် တစ်မုဟုတ်ချင်း ကမ္ဘာ့အနောက်ခြမ်းသို့ ရောက်သည်။ အီလက်ထရွန်နစ် စာပို့နည်းဖြင့် အချင်းချင်း အပြန်အလှန် တစ်ထိုင်တည်းတွင် ဆက်သွယ်နိုင်သည်။ အင်တာနက်မှ အပြန်အလှန် စာရိုက်စကားပြောလို့ရသည်။ အမေးအဖြေလုပ်လို့လည်းရသည်။ ရုပ်မြင်သံကြား ဆက်သွယ်ပြောဆို၍လည်း ရသည်။ ကမ္ဘာ့အနောက်ခြမ်းမှ နေ့စဉ်ထုတ်သတင်းစာကို အဲဒီမှာ မိုးမလင်းမီ၊ သတင်းစာ မဖြန့်ဝေရသေးမီ အချိန်မှာပင် ကမ္ဘာ့အရှေ့ခြမ်းက ကြို၍ဖတ်လို့ရနေပေပြီ။ ဤသို့ ဤနှယ် ကမ္ဘာ့ရွာကြီး ဖြစ်လာပြီ။

ရွာတို့မည်သည် တစ်နေရာမှတစ်နေရာ ကြားဖို့ရာ လူတစ်အော်စာနှင့်ပင် လုံလောက်သည်။ သတင်းဖြန့်ရာမှာလည်း အလွန်လွယ်သည်။ အလွန်မြန်သည်။ တစ်ယောက်ကအစ တစ်ရာအဆုံး လက်ဆင့်ကမ်းနှင့်ပင် တစ်ရွာလုံး သိနိုင်သည်။

သတင်းအချက်အလက်များ ဆက်သွယ်ရာ၌ ယခုခေတ်တွင် မီဒီယာကြားခံနယ်များက အရေးပါလာသည်။ mass media သို့မဟုတ် အများသုံး ကြားခံနယ်များက ပို၍အရေးပါသည်။ သို့မို့ကြောင့် ဤမီဒီယာများကိုအသုံးပြု၍ ကြော်ငြာလာကြသည်။

ကြော်ငြာသည်ဆိုသည်မှာ လူအများသိအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ရှေးယခင်အခါက မိမိတို့ ထုတ်လုပ်သော ကုန်ပစ္စည်းများကို လူအများသိအောင် အမျိုးမျိုးကြံဆောင်ခဲ့ကြသည်။ လမ်းများ၊ ဈေးများပေါ် အသံချဲ့စက်ဖြင့် အော်ခြင်းမျိုး၊ ကား၊ ရထား၊ သင်္ဘောများပေါ် ဆေးကြော်ငြာ၊ အခြားကုန်ပစ္စည်း ကြော်ငြာမှုများကို မကြုံဖူးသူဟူ၍ ရှိမည်မဟုတ်။ ယင်းတို့မှာ နယ်ကျဉ်းကြော်ငြာများ ဖြစ်သည်။ နယ်ကျယ်ကြော်ငြာများကတော့ ရေဒီယို၊ ရုပ်ရှင်ရုံကြော်ငြာများ၊ သတင်းစာ စာနယ်ဇင်းကြော်ငြာများ၊ တီဗွီပေါ်လာတော့ ပို၍နယ်ကျယ်လာသည်။

ယခုခေတ် စာနယ်ဇင်း ဂျာနယ်များက များပါဘိ။ အများသုံး ကြားခံနယ်များကလည်း ပေါပါဘိ။ အမျိုးမျိုးသော နည်းများဖြင့် လူထုအတွင်း မသိချင်လို့မရ၊ သိကြရသည်။ ရုပ်မြင်သံကြားဖန်သားပေါ်မှ ဇာတ်ကား သို့မဟုတ် အစီအစဉ်တစ်ခုကောင်းလို့ စိတ်ဝင်စားနေပြီဆိုလျှင် ကြော်ငြာဝင်ပြီ။ မျက်နှာလွှဲလို့မရ။ အကြိမ်ကြိမ်လာမည်။

ကြော်ငြာများတွင် တီဗွီကြော်ငြာက အထိရောက်ဆုံးဟု ထင်သည်။ ကြော်ငြာသူတွေက သူ့ထက်ငါ လုယက်ကာ ရုပ်မြင်သံကြား ရှုသူတို့၏ စက္ခုအာရုံထဲ မလွတ်တမ်းဝင်ရောက်မည့် အချိန်ကိုရွေး၍ ထည့်သည်။ အကြိမ်ကြိမ်မြင်တော့စွဲပြီ။ ကလေးကအစအလွတ်ရပြီ။ ပဟေဠိ အဖြေညှိနိုင်ကြပြီ။

ကြော်ငြာကဏ္ဍသည် တစ်စထက်တစ်စ နယ်ကျယ်လာသည်။ ယခု အင်တာနက်ခေတ်တွင် အွန်လိုင်းမှ ဝက်ဘ်ဆိုက်ဖြင့် ကြော်ငြာနိုင်ပြီ။ ဈေးလည်း ဝယ်နိုင်ပြီ။

ကြော်ငြာများ မည်သည့်အချိန်က စခဲ့ကြောင်း စူးစမ်းကြည့်ရာ ၁၇၀၄ ခုနှစ်က ဘော့စ်စတန်သတင်းစာတွင် စခဲ့ကြောင်းကို သိရှိရသည်။ Oyster Bay ကျွန်းရှည်ကြီးအတွက် ဝယ်လက်ရှာဖွေသည့် ကြော်ငြာဖြစ်သည်။

၁၈၄၃ ခုနှစ်တွင် Volney Palmer ဆိုသူက ပထမဆုံးကြော်ငြာ အေဂျင်စီကို အမေရိကန်နိုင်ငံ ဖီလာဒယ်လ်ဖီးယားမြို့တွင် ဖွင့်ခဲ့ကြောင်းနှင့် ၁၈၇၃ ခုနှစ်တွင် နယူးယောက်မြို့၌ ပထမဆုံးအကြိမ် ကြော်ငြာ အေဂျင်စီများ၏ညီလာခံကို ပြုလုပ်ခဲ့ကြောင်း သမိုင်းမှတ်တိုင်များကိုလည်း တွေ့ရှိရပြန်သည်။

စာရေးသူသည် လွန်ခဲ့သော ၁၀နှစ်ကျော်က ကြော်ငြာအတွက် မလေးစေဖို့ ဆောင်းပါးတစ်ပုဒ်ကို နေ့စဉ်ထုတ် သတင်းစာတစ်စောင်တွင် တင်ပြခဲ့ဖူးပါသည်။ ထိုစဉ်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနတွင် အစားအစာပညာရှင်အဖြစ် တာဝန်ထမ်းဆောင်နေရချိန်ဖြစ်၍ မလိုင်နုတ်ထားသောနို့ဆီကို မလိုင်အပြည့်ပါသည်ဟု ကြော်ငြာထားမှုကို တင်ပြခဲ့ရာ ဆောင်းပါးပါပြီး နောက်တစ်ရက်မှစ၍ ယင်းကြော်ငြာ မပေါ်လာတော့ပါ။ ပြန်ပေါ်လာသည့်အခါမှာလည်း ယင်းစာပိုဒ် မပါလာတော့ပါ။ အလားတူပင် ဘီယာပြင်းကို အားဆေးအသွင် ကြော်ငြာသည်ကို တင်ပြခဲ့ဖူးသည်။ ဤသို့ ဤနှယ် စားသုံးသူများ အထင်အမြင်လွဲမှားနိုင်သည့် အသုံးအနှုန်း၊ အပြောအဆို၊ အဆင်အပြင်၊ အတင်အပြများကို မပြုလုပ်သင့်ပါ။

ယခု တိုင်းရင်းဆေးပညာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေစဉ် တိုင်းရင်းဆေးကြော်ငြာများနှင့် ပတ်သက်၍ နေ့စဉ်ထုတ် သတင်းစာများ၌ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီနှင့် ဇွန်လတို့တွင် တစေ့တစောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

ဆေးဆိုသည်မှာ လူသားတို့ မကျန်းမာသည့်အခါ သောက်သုံးရန်၊ ကျန်းမာစေရန်အတွက် ရောဂါကာကွယ်ရေးတွင် သုံးစွဲရန်၊ ရောဂါရှာဖွေရာ၌ သုံးရန်စသည်ဖြင့် အသုံးပြုရသော အရာများဖြစ်လေရာ ဆေးများကို အဓိပ္ပာယ်လွဲမှား ကောက်ယူမိအောင် မကြော်ငြာမိဖို့က အရေးကြီးပါသည်။

ထို့ကြောင့် အနောက်တိုင်းဆေးဝါးများကို ယေဘုယျအားဖြင့် ကြော်ငြာခွင့်မပြုပါ။ Over the counter drug ဟုခေါ်သော ဆရာဝန်၏ ဆေးညွှန်းစာမလိုဘဲ အများပြည်သူတို့ လွတ်လွတ်လပ်လပ် ဝယ်ယူသုံးစွဲခွင့်ရသည့် ဆေးများကိုသာ ကြော်ငြာခွင့်ပြုထားပြီး ကြော်ငြာစည်းကမ်းချက်များကိုလည်း တင်းကျပ်စွာ ပြဋ္ဌာန်းထားပါသည်။

တိုင်းရင်းဆေးများအတွက်မူ ၁၉၉၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော တိုင်းရင်းဆေးဝါးဥပဒေအရ ကြော်ငြာနိုင်သော်လည်း တစ်ဆက်တည်း ပြဋ္ဌာန်းခဲ့သော အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်များကို တစ်သဝေမတိမ်း လိုက်နာရန် လိုအပ်ပါသည်။

ဆေးတစ်မျိုးထုတ်လို့ ဈေးကွက်ကို တင်တော့မယ်ဆိုရင် ကြော်ငြာအရင်လုပ်ထားမှ၊ မဟုတ်ရင် ကိုယ်တင်မယ့်ဆိုင်က “ကြော်ငြာပြီးပလား” လို့ အမေးခံရမည်။ ကြော်ငြာပြီးသော ဆေးများကိုသာ ဆိုင်များကလည်း တင်ချင်ကြသည်။ သို့မဟုတ်ပါက နေရာကုန် ဆိုင်လေးရုံသာ ရှိလိမ့်မည်။

တိုင်းရင်းဆေးဥပဒေ ထုတ်ပြန်ပြီးနောက် တိုင်းရင်းဆေးဝါး ထိန်းချုပ်မှုကို စတင်ဆောင်ရွက်ခါစက တိုင်းရင်းဆေးဥပဒေအရ မှတ်ပုံလာတင်ကြသော ဆေးဝါးများ ထောင်နှင့်ချီရှိသည်။ ဒါတွေကို စိစစ်မှုများ စတင်ဆောင်ရွက်ခဲ့ကြရသည်။

တင်လာကြသည့် ဆေးများသည် ယခင် ဥပဒေမရှိစဉ် နှစ်ပေါင်းကြာရှည်ကပင် ထုတ်လုပ်ခဲ့သောဆေးများ၊ ပြီးစလွယ် ထုပ်ပိုးထားခြင်းများနှင့် အညွှန်းများတွင် ရေးသားမှုများကို အမျိုးစုံပြုပြင် ပေးရသည်။

ဆီးကင်းခန့်၊ ကွမ်းသီးလုံးခန့်ဟူသော မသေချာ မရေရာသည့် အသုံးအနှုန်းများ၊ ဆေးတစ်မျိုးတည်းဖြင့် ၉၆ ပါးရောဂါကို ရေလဲသုံး၍ ရခြင်းမျိုး၊ မပျောက်နိုင်သည့် ရောဂါများကို အမြစ်ပြတ်စေတာမျိုးတို့ကို ပြုပြင်စေရသည်။

ဆေးဝါးထုတ်လုပ်သူများကိုလည်း ကောင်းမွန်သော ဆေးဝါး ထုတ်လုပ်မှု နည်းမှန်ကျင့်စဉ် သင်တန်းများပေးခြင်း၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် စစ်ဆေးသူများအတွက် လမ်းညွှန်စာအုပ်များကို ပြုစုထုတ်ဝေခြင်း၊ ဆေးဝါးစက်ရုံများကို ကိုယ်တိုင်ကိုယ်ကျ လှည့်လည်စစ်ဆေးကြီးကြပ်ခြင်းများ ပြုလုပ်ခြင်းဖြင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုလုပ်ငန်းမှာ တစ်စထက်တစ်စ ခေတ်မီတိုးတက်လာခဲ့ရာ ဆေးမှုန့်ဘဝမှ ဆေးပြား၊ ဆေးပြားဘဝမှ ဆေးတောင့်ဖြစ်လာပြီး တချို့ဆိုလျှင် extraction ဆေးအနှစ်ထုတ်၍ သုံးလာကြပြီဖြစ်သည်။ သတင်းစာစက္ကူ၊ ကော်ပီစာရွက် ထုပ်ပိုးရာက ပလတ်စတစ်ထုပ်ပိုးမှု၊ အလူမီနီယံထုပ်ပိုးမှုများကို ခေတ်မီထုပ်ပိုးစက်များဖြင့် ထုပ်ပိုးလာကြပြီး ယခုအခါ blister pack ဆေးကတ်ထုပ်ပိုးမှုများအထိ တိုးတက်လာခဲ့သည်။

လူသားတို့သည် အစဉ်အမြဲ တီထွင်ဆန်းသစ်မှုများဖြင့် တိုးတက်နေကြသည်။ ကုန်ပစ္စည်းများတီထွင်မှု၊ သိပ္ပံပညာတိုးတက်မှု ရေအလျဉ်တွင် လူသုံးကုန်ပစ္စည်းများသည် လျှပ်စစ်စွမ်းအားနှင့် အီလက်ထရွန်နစ်နည်းပညာများဖြင့် ဆန်းသစ်လာရာ လူသားများ စုပ်ပါပါဝါ ရလာသည့်နှယ် ဖြစ်ချေသည်။

ရောဂါဆန်းတစ်မျိုး ပေါ်လာတိုင်း လူသားတို့၏ စွမ်းအားဖြင့် ယင်းရောဂါအား ကာကွယ်ကုသနိုင်သောဆေးကို ဖော်ထုတ်ရန်အတွက် သုတေသနပြုကြသည်။

လူသားတို့သည် မျှော်လင့်ချက်ဖြင့် အသက်ရှင်နေရသည်။ တီထွင်ဆန်းသစ်မှုများဖြင့် အသက်ဆက်နေကြသည်။ သို့ဖြင့် ကြော်ငြာများလည်း တစ်စထက်တစ်စ၊ တစ်မျိုးပြီးတစ်မျိုး ဆန်းသစ်လာသည်။ ရင်ခွင်ပိုက်ကြော်ငြာခြင်းမှသည် နယ်ကျယ်ကြားခံနယ်များကို အသုံးပြုလာကြသည်။ ရေဒီယို၊ ရုပ်ရှင်ကြော်ငြာများမှ တီဗွီ၊ ရေဒီယိုကြော်ငြာများ၊ သတင်းစာ စာနယ်ဇင်းမှသည် ဂျာနယ်မဂ္ဂဇင်းများ၊ မော်တော်ကားကြော်ငြာ၊ လမ်းဘေးကြော်ငြာစသည်ဖြင့် စုံလှသည်။

ကြော်ငြာနည်းများလည်း ဆန်းသစ်လာသည်။ ဂျာနယ်မဂ္ဂဇင်းများတွင် ကြော်ငြာဆောင်းပါးဟူ၍ပေါ်လာသည်။ ရုပ်မြင်သံကြားအစီအစဉ်များတွင် ပံ့ပိုးကူညီ၍ ကြော်ငြာလာကြသည်။ ဆိုကြမယ်ပျော်ကြမယ်၊ သုတစုံလင်ရွှေဉာဏ်ရှင်၊ သီရိဂေဟာ၊ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ၊ အလှရှာမယ်လှကမ္ဘာဝယ် စသည် စသည်ဖြင့် ပရိုဂရမ်အသစ်တစ်ခု တိုးလေ ကြော်ငြာဖို့ အခွင့်အလမ်းတစ်ခု တိုးလေပင်။

တိုင်းရင်းဆေးကြော်ငြာများကို စနစ်တကျဖြစ်စေဖို့ ၁၉၉၉ ခုနှစ်လောက်ကစပြီး ကြော်ငြာလိုသည့် စာသားအရုပ်နှင့် အသံများကို တိပ်ခွေနှင့် တင်ပြီး ခွင့်ပြုချက် ရယူစေခဲ့သည်။ တိုင်းရင်းဆေးဆိုင်ရာ စာမူများ၊ ဆေးဝါး၊ ဆေးခန်းကြော်ငြာများကို တိုင်းရင်းဆေးပညာဦးစီးဌာနက စိစစ်လျက်ရှိသည်။

ဆေးဝါးများကို ကြော်ငြာရုံဖြင့် အားမရသေး။ တစ်ခါတစ်ခါ ဆေးဆရာပုံများက ပါလာသည်။ မဂ္ဂဇင်းများမှာ ဆေးဆရာဓာတ်ပုံနှင့် ကြော်ငြာကြသည်။ မဂ္ဂဇင်းများတွင် ဆရာဝန်များ၊ တိုင်းရင်းဆေးဆရာများ၏ဓာတ်ပုံ ဝေဝေဆာဆာဖြင့် အင်တာဗျူး ဆောင်းပါးများသည်လည်း ကြော်ငြာခြင်းတစ်မျိုးဖြစ်သည်ဟု ထင်ပါသည်။

စာရေးသူတို့ တိုင်းရင်းဆေးဝါးမှတ်ပုံတင်များ တာဝန်ယူစဉ်က တွေ့ရသော အတွေ့အကြုံတစ်ခုကို တင်ပြလိုပါသည်။ ရှေးယခင်က ဆေးထုတ်ရာမှာ ဆေးဆရာ၏ ဓာတ်ပုံအမှတ်တံဆိပ်ဖြင့် ထုတ်လေ့ရှိကြသည်။ အတုအပ ရှောင်လိုသည့်သဘော၊ ဆေးစစ်ဆေးမှန်ဟု အာမခံလိုသည့် သဘောပင်။ ဤအလေ့အထသည် ဆေးဆရာကို ကြော်ငြာသလို ဖြစ်နေသည်။ ဤသည်ကို ဖြေရှင်းရန် ဆုံးဖြတ်ခဲ့ရသည်။ ရှေးယခင်က စတင်ထုတ်ပြီး ခေတ်အဆက်ဆက် ထုတ်လာခဲ့၍ လူတကာ အမြင်အာရုံတွင် စွဲငြိပြီးလည်းဖြစ်၊ ဓာတ်ပုံပါ ဆေးဆရာမှာလည်း ကွယ်လွန်ပြီးဖြစ်ပါက သုံးခွင့်ပြုခဲ့ပြီး သက်ရှိထင်ရှားများနှင့် နောက်အသစ်ထုတ်လုပ်သည့် ဆေးများတွင်မူ ဆေးဆရာပုံများကို သုံးခွင့်မပြုခဲ့ပါ။

ကြော်ငြာမှုလည်း အများသူငါ သုံးချင်ကြသည်။ ကြော်ငြာထားသည့် အမှတ်တံဆိပ်ကိုမှ သုံးကြည့်လိုက်ချင်သည်။ ဈေးပိုလျှင် ပိုပါစေ။ တစ်ခုဖြစ်နိုင်သည်။ စိတ်ချရသော မီဒီယာများမှ ကြော်ငြာခြင်းများကို စိစစ်ပြီးဟု ယူဆဟန်ရှိသည်။ တကယ်လည်း စိစစ်ကြပါသည်။ ရှုထောင့်အမျိုးမျိုးမှ စိစစ်ကြသည်။ ယဉ်ကျေးမှုရှုထောင့်၊ တိုင်းရင်းဆေးရှုထောင့်၊ လူမှုရေးရှုထောင့်စသည် စသည်။ ထို့ကြောင့် စိတ်ချရသော မီဒီယာဖြစ်လေ စိစစ်မှုကို အလေးပေးရလေဖြစ်သည်။ စိစစ်ပေးရသောဌာနများ အနေဖြင့်လည်း တာဝန်ကြီးပါသည်။

ကြော်ငြာခြင်းဟူသည် မိမိကုန်ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လူအများသိရှိအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ဤသို့ဆောင်ရွက်ရာ၌ မိမိ၏ကုန်ပစ္စည်း ကျော်ကြားအောင်မှု မညာသင့်ပါ။ ကျော်ညာမဖြစ်သင့်ပါ။ ကြော်ငြာအတွက် မလေးစေသင့်ပါ။ တိုင်းရင်းဆေးကြော်ငြာ မလေးစေရာ။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၆၁)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်ချစ်သူရဲကောင်း (အပိုင်း-၂၃)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

နိုင်ငံတကာ နောက်ဆုံးသတင်း

ဂါဇာရှိ အမေရိကန် အပြည်ပြည်ဆိုင်ရာကျောင်း ထပ်မံ စီးနင်းတိုက်ခိုက်ခံရ

ဂါဇာ ဇန်နဝါရီ ၁၃

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းတွင် ဇန်နဝါရီ ၁၂ ရက်က အမေရိကန် အပြည်ပြည်ဆိုင်ရာကျောင်းကို ပါလက်စတိုင်း စစ်သွေးကြွများက ထပ်မံစီးနင်းတိုက်ခိုက်မှုဖြစ်ပွားရာ ကျောင်းပရိဘောဂများ ပျက်စီးပြီး ကျောင်းကားများ မီးရှို့ခံခဲ့ရကြောင်း ကျောင်းအုပ်ကြီးက ပြောကြားသည်။

ဘိတ်လာဟီရာမြို့ရှိ အဆိုပါ စာသင်ကျောင်းကို စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် သုံးရက်မြောက်နေ့တွင် ဒုတိယအကြိမ် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

သေနတ်သမားများသည် ယင်းကျောင်းကို နံနက် ၂ နာရီတွင် စီးနင်းတိုက်ခိုက်ခဲ့ပြီး ကျောင်း၏ ပရိဘောဂများ၊ ကွန်ပျူတာ စတိုခန်းများနှင့် ပုဂ္ဂလိကပစ္စည်းအချို့ကို နှစ်နာရီကြာအောင် ဖျက်ဆီးခဲ့သည်။ သေနတ်သမားများသည် ကျောင်းကား ခြောက်စီးနှင့် အခြားယာဉ်တစ်စီးကိုလည်း မီးရှို့ခဲ့သည်။

အမေရိကန် သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်သည် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများသို့ ခရီးလှည့်လည်နေချိန်တွင် အပြည်ပြည်ဆိုင်ရာ ကျောင်းကို တိုက်ခိုက်ခဲ့သည်။ လွန်ခဲ့သည့် နှစ်နှစ်ကျော်က အပြည်ပြည်ဆိုင်ရာကျောင်းရှိ ဆရာနှစ်ဦးကို ပြန်ပေးဆွဲခံခဲ့ရသည့် ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ယင်းကျောင်းတွင် ပါလက်စတိုင်း ဝန်ထမ်းများသာ ရှိနေသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇန်နဝါရီ ၁၃ ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဆန်းဒါးလင်းအသင်းမှ ဒင်းဝိုက်ဟက်(ဝဲ)နှင့် ပို့စ်မောက်အသင်းမှ နီကိုကရန်ကာတို့ ဘောလုံးယှဉ်လုကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲသတင်း

ဆန်းဒါးလင်းက ပို့စ်မောက်ကိုနိုင် ဘော့လ်တန်က ဘလက်ဘန်းကိုရှုံး

လန်ဒန် ဇန်နဝါရီ ၁၃

အင်္ဂလန် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းရာ ဆန်းဒါးလင်းမြို့ရှိ လိုက်စတေဒီယမ်ကွင်း၌ ကျင်းပသော ဘောလုံးပြိုင်ပွဲတွင် ဆန်းဒါးလင်းအသင်းက ပို့စ်မောက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယခုပွဲတွင် ဆန်းဒါးလင်းအသင်းအတွက် ကီရန်ရစ်ချတ်ဆန် တစ်ဦးတည်းက နှစ်ဂိုး သွင်းပေးခဲ့သည်။ ပွဲချိန် ၃၃ မိနစ်နှင့် ၄၄ မိနစ်တို့တွင် ရစ်ချတ်ဆန်က ဆက်တိုက် ဂိုးသွင်းပေးနိုင်ခြင်းဖြင့် တန်းဆင်းဇုန်မှ လွတ်မြောက်ရေး ကြိုးပမ်းနေသော ဆန်းဒါးလင်းအသင်းအတွက် စိတ်သက်သာရာ ရခဲ့သည်။

အခြားပွဲရလဒ်

ဘော်လ်တန် (၁ - ၂) ဘလက်ဘန်း

အင်တာနက်။

ကြေးမုံ The Mirror ထူးထူးခြားခြား ကမ္ဘာ့မှတ်တမ်းဝင် သတင်းများ

မော်တော်ဆိုင်ကယ်ကို သက်စွန့်ဆံဖျား စီးပြကာ စတန့်ထွင်ခဲ့သူ အီဗယ်လ်ကနီဗယ်လ်။

(ဓာတ်ပုံ-အင်တာနက်)

ရေအနက်ဆုံး ငုပ်နိုင်သူ

ဩစတြီးယားနိုင်ငံသား ဟားဘတ်နစ်ချ်ဆိုသူ**(ဝဲပုံ)**သည် အောက်ဆီဂျင်အထောက်အကူပစ္စည်း မပါဘဲ ရေငုပ် စံချိန်သစ်နှစ်ခုကို ၂၀၀၆ ခုနှစ်တွင် တင်နိုင်ခဲ့သည်။

စံချိန်သစ်တင်

ဟားဘတ်နစ်ချ်သည် ၂၀၀၆ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ခရိုအေးရှားနိုင်ငံ Zirjeမြို့၌ အလေးပြားများကို အသုံးပြုပြီး ရေထဲသို့ ၁၈၃ မီတာ (ပေ ၆၀၀ နှင့် ၄ လက်မ) အနက်အထိ ငုပ်ကာ စံချိန်သစ် တင်ခဲ့သည်။ ရေပေါ်သို့ ပြန်တက်ရာတွင် လေပူဖောင်းများကို အသုံးပြု၍ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ဟားဘတ်နစ်ချ်သည် ယင်းနှစ် ဒီဇင်ဘာ ၉ ရက်တွင် အီဂျစ်နိုင်ငံ Hurghada မြို့၌ ဖားခြေထောက် ရေယက်ကိုသာ အသုံးပြုပြီး ရေအနက် ၁၁၁ မီတာ (၃၆၄ ပေ ၂ လက်မ)အထိ ငုပ်ကာ စံချိန်သစ် တင်ခဲ့သည်။

သက်တမ်းအရှည်ဆုံးအားကစား

ကမ္ဘာပေါ်တွင် သက်တမ်းအရှည်ကြာဆုံး အားကစားနည်းတစ်ရပ်မှာ လွန်ခဲ့သော ၁၄ ရာစုနှစ်မှ စတင်၍ ဂျာမနီနိုင်ငံ ဘာဗေးရီးယား၌ ကျင်းပခဲ့သည့် ယှဉ်ပြိုင်သူနှစ်ဦး လက်ချောင်းချင်းချိတ်ဆွဲသော (လက်ချောင်းလွန်ဆွဲ) အားကစားပင်ဖြစ်သည်။ စားပွဲတစ်လုံးထက်၌ စည်းတားလျက် လက်ချောင်းချင်း ကြိုးကွင်းဖြင့်ချိတ်ကာ အင်အားအသုံးပြုပြီး စည်းကိုကျော်လွန်အောင် ဆွဲကြရခြင်းဖြစ်သည်။**(အောက်ပုံ)** အဆိုပါ လက်ချောင်းချိတ်ဆွဲ အားကစားပြိုင်ပွဲကို ဂျာမနီနိုင်ငံ မြူးနစ်မြို့အနီး၌ ယနေ့တိုင် ကျင်းပလျက်ရှိသည်။

သက်စွန့်ဆံဖျား ဆိုင်ကယ်စတန့်သမား စူပါမင်း

အမေရိကန်စတန့်လောကတွင် သတ္တိအပြောင်မြောက်ဆုံး စူပါမင်းအဖြစ် သတ်မှတ်ခံရသူ ဆိုင်ကယ်စတန့်သမား အီဗယ်လ်ကနီဗယ်လ်သည် အဆုတ်ရောဂါဖြင့် နိုဝင်ဘာ ၃၀ ရက်က ကွယ်လွန်ခဲ့ပြီဖြစ်သည်။ အီဗယ်လ် ကွယ်လွန်ချိန်တွင် အသက်(၆၉) နှစ်ရှိပြီ ဖြစ်သည်။

အီဗယ်လ်သည် မိမိကိုယ်မိမိ ထင်ပေါ်ကျော်ကြားလိုမှုကြောင့် စတန့်ကစားခဲ့သူမဟုတ်ဘဲ စွန့်စွန့်စားစား စိတ်ဓာတ်အရ မော်တော်ဆိုင်ကယ်ကို စီးနင်းခဲ့ခြင်းဖြစ်သည်ဟု ပြောစမှတ်ပြုကြသည်။ အီဗယ်လ်သည် စတန့်စူပါမင်းဘွဲ့ ရရှိရန် ကြိုးပမ်းခဲ့ရာတွင် (၃၈)ကြိမ်တိုင်တိုင် အရိုးများ ကျိုးခဲ့ဖူးသည်။

အီဗယ်လ်သည် မော်တော်ဆိုင်ကယ်ကိုစီး၍ ကားငယ်များ၊ ဘတ်စ်ကားများ၊ လျှိုမြောင်များနှင့် ရေပန်းများကို ကျော်လွှားပြခဲ့သည်။ လာ့စ်ဗေးဂတ်စ်မြို့ရှိ ဆီဇာနန်းတော်တွင် ဆိုင်ကယ်တစ်စင်းဖြင့် စတန့်ပြခဲ့မှုကို ရုပ်မြင်သံကြားသတင်းထောက်များက မှတ်တမ်းတင်ခဲ့ပြီး ကမ္ဘာ့ပြည်သူများက ယင်းပြကွက်ကို အံ့ဩဘနန်း ရှုစားခဲ့ကြသည်။ **(အောက်ပုံ)** ***အင်တာနက်***

ဝင်ငွေအများဆုံး စံပြမယ်

ဘရာဇီးနိုင်ငံသူ နာမည်ကြီး စူပါမော်ဒယ် တစ်ဦးဖြစ်သည့် ဂျစ်ဇလီဘန့်ဒ်ချင် **(အပေါ်ပုံ)**သည် ၂၀၀၆ ခုနှစ်အတွင်း နာမည်ကြီး ကုန်အမှတ်တံဆိပ်များအတွက် မော်ဒယ်လုပ်ငန်းမှ ဝင်ငွေဒေါ်လာ သန်း ၃၀ (ပေါင် ၁၅ဒသမ ၂သန်း) ရရှိခဲ့ပြီး ဝင်ငွေအများဆုံး စူပါမော်ဒယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

စာပေလောကအဝန်းအဝိုင်းတွင်ပါဝင်သော ပုံနှိပ်နှင့်ထုတ်ဝေမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒများချမှတ်လျက် အစွမ်းကုန်ကူညီ ဖြည့်ဆည်းပေးသွားမည်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဆောက်အအုံ မင်္ဂလာခန်းမ၌ ကျင်းပရာ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှု ဗဟိုအဖွဲ့–အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေး သဘာပတိ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ကနူတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက်ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် စာပေ လောကအဝန်းအဝိုင်းတွင် ပါဝင် သော ပုံနှိပ်နှင့်ထုတ်ဝေမှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် မူဝါဒများ ချမှတ်ထားရှိလျက် အစွမ်းကုန် ကူညီ ပံ့ပိုးဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဝင် လုပ်ငန်းရှင်များအနေဖြင့် ပုံနှိပ် လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်နှင့် ပုံနှိပ်လောကသား များ၏ အကျိုးစီးပွား၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြ ရန်ဖြစ်ကြောင်း။

ပုံနှိပ်လုပ်ငန်းရှင်များအနေဖြင့် မိမိ တို့ လုပ်ငန်းများကို အမျိုးသား အကျိုးစီးပွားအပေါ် အခြေခံ၍ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ကြရန် နှင့် အမျိုးသား အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးလာမည့် အဖျက် ရန်ဟူသမျှ အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ၊ အမျိုးသားရေး အကျိုးစီးပွားအပေါ် အခြေခံသည့် စိတ်ဓာတ်တို့ဖြင့် တွန်းလှန်ကာကွယ် သွားကြရန်ဖြစ်ကြောင်း။

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ၊ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေး လုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေး အတွက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များက ပြည်သူလူထုနှင့်အတူ အမျိုးသားရေး စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့် အဝဖြင့် စည်းလုံးညီညွတ်စွာ ပါဝင် ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာ နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်းချုပ်နှင့် ညီနောင် အသင်းများ ဝိုင်းဝန်းပူးပေါင်းလျက် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက် အကူပြု ကြိုးပမ်းအကောင်အထည် ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်အမှုဆောင် အဖွဲ့၏အစီရင်ခံစာ၊နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းကိုတင်ပြ၍ အတည်ပြုချက် ရယူခြင်း၊ အသင်းသားများ၏ အကြံ ပြုချက်များ၊ မေးမြန်းချက်များကို ဖြေကြားခြင်း၊ အမှုဆောင်ဟောင်း များနုတ်ထွက်ခြင်းနှင့် ၂၀၀၈–၂၀၀၉ ခုနှစ် သက်တမ်းအတွက် အမှုဆောင် အဖွဲ့ဝင်သစ်များရွေးချယ်မှုအခြေအနေ ကို တင်ပြခြင်းနှင့် ရွေးချယ်ခံရသော အမှုဆောင် အဖွဲ့ဝင်သစ် အမည် စာရင်းကို ဖတ်ကြားကြေညာခြင်း တို့ကို ဆောင်ရွက်သည်။

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသို့ အလှူရှင် ၁၅ဦးတို့က အလှူငွေစုစု ပေါင်း ငွေကျပ် ၂၄သိန်းကိုပေးအပ် လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်း ရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်တို့က လက်ခံ ကြသည်။

ထို့နောက် အစည်းအဝေးသဘာ ပတိ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက် သည်။

အစည်းအဝေးအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များ အသင်း အမှုဆောင်အဖွဲ့ဝင်သစ်များ နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက် သည်။ (သတင်းစဉ်)

သဲအင်းဂူ(မော်ဘီ)နဂါးရုံဘုရား အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ တည်ထောင်တော်မူခဲ့သော မူလသဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး တွင် သဲအင်းဂူ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသနှင့် နာယက ဆရာတော်များ၏ ဩဝါဒကိုခံယူကာ သံဃာတော်များ၊ သီလရှင်များ၊ ဘုရားဒါယကာ ဦးစံမြင့်–ဒေါက်တာဝေဝေထွန်းနှင့် စေတနာရှင်ယောဂီများ စုပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော နဂါးရုံဘုရား ဗုဒ္ဓပူဇနိယပွဲတော်တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၇ရက်မှ ၂၂ရက်အထိ ပူဇော်ကြမည်ဖြစ်ရာ လှူဒါန်းလိုကြသူများသည် သဲအင်းဂူ(မော်ဘီ) ဖုန်း–၆၂၀၀၁၉နှင့် ၀၉၅၀၃၈၅၂၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။ (က–ပ)

နှစ်ဖက်မိဘများအား အမှူးထား၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းနေ ဦးမောင်ရွှေ–ဒေါ်သန်းစိန်မိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံ ဒု–အုပ်ချုပ်ရေးမှူးဦးလှရှိန် လက်ခံယူစဉ်။ (က–ပ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ကမာရွတ်မြို့နယ် အထက(၁) သီဂီမြိုင်ခန်းမတွင် ဇန်နဝါရီ ၄ရက်က ကျင်းပရာ မြို့နယ်အဆင့်(အလယ်တန်း) စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု ရရှိသော အထက(၂) Grade 7 မှ မဖူးပွင့်အေးမြထွန်းအား မြို့နယ် ပညာရေးမှူး ဦးမောင်ချစ် ဆုချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၁–၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"ပြိုးသေနည်းလှ ဤလောက"တရားတော် [ဆရာတော်အရှင်သုနန္ဒ(မိုးကုတ်)]
၈း၁၅–၂း၁၅	Soccer Update
၈း၃၀–၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅–၂း၃၅	မူးယစ်ကင်းစင် လူ့ဘောင်တစ်ခွင် MANA ၏ရည်မှန်းချက်ပန်းတိုင်အသွင် (ဒုတိယပိုင်း)
၉း၀၀–၃း၀၀	တေးဂီတအစီအစဉ်
၉း၀၅–၃း၀၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၉း၂၅–၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅–၃း၃၅	သာစုအနုမောဒနာခေါ်ဆိုစေရာ မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီးမှာ
၉း၅၀–၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅–၃း၅၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အဆုတ်ကင်ဆာရောဂါအကြောင်း) (ပါမောက္ခ ဒေါက်တာတင်မောင်ချိုနှင့် တွေ့ဆုံခြင်း)
၁၀း၁၅–၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀–၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅–၄း၂၅	ငါးမှပေးသော Value Artist
၁၀း၄၀–၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀–၄း၅၀	ကွင်းမြေနမူနာထုတ်ယူခြင်းမှရရှိလာသော မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
၁၁း၀၀–၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅–၅း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာကြည်ရွှန်းနှင့်တွေ့ဆုံခြင်း)
၁၁း၂၅–၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀–၅း၃၀	လေးပါးဆေးအမယ် ပေါင်းစုယူ ဆေးစတုမဂ္ဂ
၁၁း၅၅–၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၅–၆း၀၅	Yangon Panorama (Glory Of Emotion ပန်းချီပြပွဲ)
၁၂း၂၀–၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅–၆း၂၅	မျိုးဆက်ပွားကျန်းမာရေးနှင့်အနာဂတ်ကမ္ဘာ (ဒုတိယပိုင်း) (ဒေါက်တာခင်မောင်လွင်)
၁၂း၄၅–၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀–၆း၅၀	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❍ ကျောဖုံးမှ

အာဆီယံ အတွင်းရေးမှူးချုပ်တို့က တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့်စပ်လျဉ်းသည့် ကြေညာချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ တင်ပြချက်များကို သုံးသပ်ဆွေးနွေးပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ၂၀၀၆ခုနှစ် ဇွန် ၂၈ရက်တွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အရာရှိကြီးများ၏ အစည်းအဝေးနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အချိန်နှင့်နေရာသတ်မှတ်

ယင်းနောက် စတုတ္ထအကြိမ် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေး(AMCA)ကျင်းပမည့် အချိန်နှင့်နေရာကို သတ်မှတ်ကြပြီး မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ဇန်နဝါရီ ၁၂ ရက်ညပိုင်းတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများအား ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲ ဖြင့် တည်ခင်းဧည့်ခံသည်။

ကျင်းပခဲ့

ဇန်နဝါရီ ၁၀ရက်တွင် ပဉ္စမအကြိမ် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို လည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် တတိယအကြိမ် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၏ အစည်းအဝေးကိုလည်းကောင်း ရွှေနန်းတော်ဟိုတယ်၌ကျင်းပခဲ့သည်။

တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား ပရဆေးဥယျာဉ်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် နေပြည်တော် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံ

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးဖွင့်ပွဲ အထိမ်းအမှတ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရန်ပုံငွေ ဘောလုံးပြိုင်ပွဲ ရုပ်ရှင်အမျိုးသားအသင်းကို လက်ရွေးစင်အမျိုးသမီးအသင်း အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကကြီးမှူး၍ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရန်ပုံငွေပွဲအဖြစ် မြန်မာနိုင်ငံ ရုပ်ရှင်သရုပ်ဆောင်(အမျိုးသား)အသင်းနှင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတို့၏ ဘောလုံးခြေစမ်းပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

ခြေစမ်းပွဲမစမီ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော ချိုပြုံး၊ ထွန်းထွန်းဝင်း၊ မင်းမော်ကွန်း၊ တင့်တင့်ထွန်း၊ ရီဝေယံ၊ နေထက်လင်း၊ မင်းဦး၊ မိုးပြည့်ပြည့်မောင်နှင့် သူထူးစံတို့က ပရိသတ်များအား တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ပြိုင်ပွဲမစမီ နှစ်ဖက်ဘောလုံးသမားများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ကြသည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဦးဝင်းကြည်က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်အား အမှတ်တရအလံ ပေးအပ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အေးအေးမော်၊ မိုင်နီလာထွေး၊ အေးနန္ဒာလှိုင်၊ မခင်ယမင်း၊ မြင့်မြင့်အေးတို့ ပါဝင်ကစားကြပြီး ရုပ်ရှင်သရုပ်ဆောင် အမျိုးသားအသင်းတွင် ထွန်းထွန်း၊ ပိုင်ဇေရဲထွန်း၊ နန္ဒ၊ ဖြိုးငွေစိုး၊ ကျော်ကျော်ဗို၊ ကျော်ဇောလင်းနှင့် မော့စ်တို့ ပါဝင်ကစားကြသည်။

(ကြေးမုံ)

ရုပ်ရှင်သရုပ်ဆောင် ချိုပြုံး ဖြေဖျော်တင်ဆက်စဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရုပ်ရှင်သရုပ်ဆောင်အသင်းမှ ထွန်းထွန်းနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှ ဘောလုံးသမားတစ်ဦးတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဘူတာကြီး အထူးတန်းလက်မှတ်ရုံအနီး ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၁၃

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေး ဘူတာကြီးဝင်း အထူးတန်းလက်မှတ်ရုံ အနီးရှိ အများပြည်သူသုံးရေချိုးခန်း/အိမ်သာနှင့် ဘူတာကြီးအုတ်တံတိုင်းခြံစည်းရိုးအကြား၌ ယနေ့ မွန်းလွဲ ၂နာရီ ၅မိနစ်ခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

ယင်းပေါက်ကွဲမှုကြောင့် အုတ်ရေကန်၌ရေချိုးနေသူ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း (၅)ရပ်ကွက် အမှတ် (၄၉) (၈)လွှာနေ ဒေါ်အေးမြင့် (၇၃)နှစ် (ဘ)ဦးအုန်းရွှေ၏ ဝဲ/ယာ လက်ဖျံနှင့် ဝဲဘက်တင်ပါးတို့တွင် ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

ပေါက်ကွဲမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းဖော်ထုတ်လျက်ရှိသည်။

ပြည်ပရှိ အဖွဲ့ကြီးတစ်ဖွဲ့၏ အစီအစဉ်ဖြင့် အကြမ်းဖက်အဖျက်သမားများသည် ပြည်တွင်း၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ လုပ်ဆောင်ရန် နယ်စပ်မှတစ်ဆင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ စေလွှတ်လျက်ရှိကြောင်း သတင်းများအဆက်မပြတ်ရရှိနေသည်။ သို့ဖြစ်၍ တာဝန်ရှိသူများက အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းလျက်ရှိသကဲ့သို့ အများပြည်သူတို့အနေဖြင့်လည်း မသင်္ကာဖွယ်တွေ့ရှိပါက အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄–၁–၂၀၀၈ (တနင်္လာနေ့)

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
– တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၅၅ ၅။ အကပဒေသာ
၅:၀၅ ၆။ မြန်မာစာ၊ မြန်မာစကား
၅:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၃၀ ၈။ **“ကုသမနေး တီဘီဘေး”**
၅:၄၅ ၉။ တေးဂီတအစီအစဉ်
မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၅၅ ၁၃။ စွမ်းဆောင်မှုမှာ စံတင်ထားသူ့ရဲ့အမည် ချင်းတွင်းသား
၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မြူခိုးဝေဝေ ချစ်သက်တည်” (အပိုင်း–၁၄)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်စေတမန်” (အပိုင်း–၁၆)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ကြို့ပင်ကောက်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၃ရက်က ရွှေတိဂုံဘုရားလမ်း စည်ပင်သာယာရေးခန်းမှာရုံ၌ကျင်းပရာ ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲတွင် ဝတ္ထုတို(ပထမ)ဆုနှင့် ဆောင်းပါး(ဒုတိယ)ဆုရရှိသူ မသန်းသန်းနိုင်အား အတွင်းရေးမှူး ဦးသိန်းဝင်း ဆုချီးမြှင့်စဉ်။ (က–ပ)

ကြေးမုံ The Mirror ရှုခင်းသတင်း

ညှော်စာရင်း မတိုင်သူများအား အရေးယူ

ရန်ကုန် ဇန်နဝါရီ ၁၃

သဃ်န်းကျွန်းမြို့နယ်အတွင်း ဇန်နဝါရီ ၁၁ ရက် ည ၁၀ နာရီမှ ၁၂ရက် နံနက် ၂ နာရီအထိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သဃ်န်းကျွန်း၊ ဒဂုံ မြို့သစ်(တောင်ပိုင်း)၊ သာကေတ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်မှ ရဲတပ်ဖွဲ့ဝင် များပူးပေါင်း၍ ညှော်စာရင်းစစ်ဆေးခြင်းနှင့် ပိတ်ဆို့ရှာဖွေခြင်းများပြုလုပ်ခဲ့ သည်။ ယင်းသို့စစ်ဆေးရာ သဃ်န်းကျွန်းဘူတာ အချက်ပြတဲတွင် ညအိပ်နေ ထိုင်သူ တင်မောင်စိုး (၄၁)နှစ် (ဘ)ဦးချစ်လှ(ဘုရားလမ်း၊ ဒါးပိန်တောင်ရပ်ကွက် လှည်းကူးမြို့နယ်)ပါ နှစ်ဦး၊ သဃ်န်းကျွန်းမြို့နယ်၊ (င/ခ)ရပ်ကွက်တွင် ညှော့်စာရင်းတိုင်ရန် ပျက်ကွက်သူတစ်ဦး၊ ရန်အောင်ရပ်ကွက်တွင် ညှော့်စာရင်း တိုင်ကြားရန်ပျက်ကွက်သူ နှစ်ဦး စုစုပေါင်း ငါးဦးတို့ကို စစ်ဆေးတွေ့ရှိခဲ့သည်။ ယင်းသို့ တွေ့ရှိမှုနှင့်ပတ်သက်၍ အဆိုပါပျက်ကွက်သူများအား မြို့များ အက်ဥပဒေပုဒ်မ ၁၀/၃ အရ အရေးယူထားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

ရန်ကုန် ဇန်နဝါရီ ၁၃

မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်၊ တိုက်(၁၁–အေ/၂)နေ မောင်မောင်ဝင်း(ခ)အချန် (၃၃)နှစ် (ဘ)ဦးလောဘူးအား ရန်ကုန်တိုင်း မူးယစ်အထူးအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် ည ၉ နာရီခွဲခန့်တွင် ဝင်ရောက်ရှာဖွေသည်။ ထိုသို့ ရှာဖွေရာတွင် အိပ်ခန်းအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၇၆၆ပြား၊ R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၈၁၇ ပြား စုစုပေါင်း ၂၅၈၃ပြား (အလေးချိန် ၂၅၈ ဒသမ ၃ ဂရမ်)၊ ဘိန်းမည်း အလေးချိန် (၁၁၄ ဒသမ ၃၁)ဂရမ်၊ ချိန်ခွင် တစ်ခု၊ အဆိုပါဆေးပြားများ ရောင်းချရငွေကျပ် သုံးသိန်း၊ SONY အမျိုးအစား လက်ကိုင်ဖုန်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်မောင်ဝင်း(ခ) အချန်အပေါ် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းမှ မူးယစ်(ပ)သတင်းချက်အမှတ် ၁/၂၀၀၈၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရဲဗဟိုလေ့ကျင့်ရေးကျောင်း စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ် စိုးဝင်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ရဲဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးချုပ် သိန်းတင်နှင့် အရာရှိများအား တွေ့ဆုံ၍ ပြည်တွင်းနိုင်ငံရေးအခြေအနေ၊ တပ်တွင်းတပ်ပြင် စည်းရုံးရေးလုပ်ငန်းများနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန်တို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက သက်သာချောင်ချိရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းအတွင်း စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး သင်တန်းကျောင်းအတွင်း သင်တန်းသား ၁၀၀၀ ဆံ့ ခန်းမဆောင် ဆောက်လုပ်နေမှုနှင့် စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပြည်ပဆက်သွယ်ရေးဌာန (မရမ်းကုန်း)စစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရန်ကုန်မြို့ ပြည်ပဆက်သွယ်ရေးဌာန(မရမ်းကုန်း) တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၃

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ပဆက်သွယ်ရေးဌာန (မရမ်းကုန်း)၌ စက်ပစ္စည်းများ ရောက်ရှိမှုနှင့် ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား ပြည်ပဆက်သွယ်ရေးဌာန အစည်းအဝေးခန်းမ၌ ပြည်ပဆက်သွယ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်အောင် ထိန်းသိမ်းရေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးအား မိုဘိုင်း ဆက်သွယ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်က ပင်လယ်ပြင် ကမ်းနီးကမ်းဝေး ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်သွယ်ရေးစခန်းများ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆက်သွယ်ရေးစခန်းအတွင်း ပစ္စည်းများတပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ကာရီတမံဆယ်ရန်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၃

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် စနဲအပိုင် ရေမျက်ကျေးရွာအုပ်စု တောင်ဖြူရွာတွင် ကာရီတမံဆယ်ရန် အတွက် ဦးဘခင်-ဒေါ်ငွေသိန်း (ရွှေပန်းထိမ်) မိသားစု ၂၉ လမ်း ရန်ကုန်မှ ငွေကျပ် ၁၀သိန်းကို ဇန်နဝါရီ ၄ ရက်က ရေမျက်ကျေးရွာအုပ်စုသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

အရှေ့တောင်အာရှပြိုင်ပွဲဆုတံဆိပ်ရ တိုက်ကွမ်ဒိုအားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၁၃

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစား ရွှေတံဆိပ်ဆုရ စိုးစိုးမြာ (သစ်တောရေးရာဝန်ကြီးဌာန)၊ငွေတံဆိပ်ဆုရ သီရိတင့်လွင် ၂(သစ်တောရေးရာဝန်ကြီးဌာန)၊ ကြေးတံဆိပ်ဆုရ ဇာနည်ထွန်း (ရန်ကုန်မြို့တော်စည်ပင်)၊မောင်မောင်ဦး (ကာကွယ်ရေးဝန်ကြီးဌာန)၊ မေစန္ဒာကျော်ဝင်း (ရန်ကုန်မြို့တော်စည်ပင်)၊ စန်းငုဝါဆု(အမှတ်-၁၊စက်မှုဝန်ကြီးဌာန)နှင့် နည်းပြသုံးဦးအား ဦးဂျေဂမ်ဖန် (ဥက္ကဋ္ဌ၊ နည်းစနစ်ကော်မတီ)၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်က ဇန်နဝါရီ ၁ ရက် နံနက် ၁၀နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၊ တိုက်ကွမ်ဒိုလေ့ကျင့်ရေးခန်းမတွင် ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းစီ ချီးမြှင့်သည်။ (ကြေးမုံ)

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ စိုးစိုးမြာ (သစ်တောရေးရာဝန်ကြီးဌာန) အား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးဂျေဂမ်ဖန် ဂုဏ်ပြုငွေကျပ် တစ်သိန်း ပေးအပ်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ် တင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်းနေ ဦးမြင့်ကြည်၏ (၇၁)နှစ်မြောက် မွေးနေ့ အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်၊ စာအုပ်များလှူဒါန်း

ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ရေဒီယို၊ စာအုပ်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ကျောက်ဆည် ဇန်နဝါရီ ၁၁

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ရွာနန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး နန်းညွန့်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ရက်က ကျင်းပရာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းရီ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးထွန်း၊ စာကြည့်တိုက်မှူး ဦးလှသင်းတို့က စာကြည့်တိုက် အဆောက်အအုံသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေ၊ ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းရီတို့က ရှင်းလင်းဆွေးနွေးပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် ဇနီး ဒေါ်သန်းသန်းဌေး မိသားစုတို့က ငွေကျပ်တစ်သောင်းနှင့်ရေဒီယိုတစ်လုံး**(အောက်ပုံ)**၊ဆန်စက်ပိုင်ရှင် သုံးဦးတို့က ငွေကျပ်တစ်သောင်းစီ၊ ဗီဒီယိုလုပ်ငန်းရှင်က ငွေကျပ်ငါးထောင်နှင့် ကျေးလက်ပြည်သူများ စုပေါင်းလှူဒါန်းငွေ ကျပ် ၂၇၅၀၀ နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာပေဝါသနာရှင်ငါးဦးတို့က ငွေကျပ် ၃၅၀၀၀ တန်ဖိုးရှိ သုတ၊ ရသမဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၁၄၉အုပ်တို့ကို လှူဒါန်းကြရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည် ပြောကြားကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

သုတပန်းခင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်

မော်လိုက် ဇန်နဝါရီ ၅

မော်လိုက်မြို့နယ် ဝါးရုံသာကျေးရွာ သုတပန်းခင်း စာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၆ရက် မွန်းတည့် ၁၂နာရီက မော်လိုက်မြို့နယ် ဝါးရုံသာကျေးရွာ သုတပန်းခင်း စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဝေ၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူရှိန်၊ ကျေးရွာဥက္ကဋ္ဌ ဦးစန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် စာအုပ်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူရှိန်၊ ဦးကျော် ဆင့်(မြို့နယ်မြေစာရင်း)၊ ဒေါ်ခင်ခင် စန်း(စီးပွားဘဏ်)နှင့် ကျေးရွာအမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်တင်ယဉ်တို့ကကျေးရွာစာကြည့်တိုက်သို့ အလှူငွေကျပ် ၃၀၀၀၀ နှင့် စာအုပ်စာစောင် များကို လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးစန်းမောင်က လက်ခံရယူသည်။ (ခရိုင်ပြန်/ဆက်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ဆင်ကူးကျေးရွာအုပ်စု ကုန်းထိပ်ပြောင်ကျေးရွာ ပညာအောင်လံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၄ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်၊ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်ခင်မူ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းဆောင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် "**ဦးအာဝါး(ခ)ဦးထွန်းဝင်း**" (**စံပြရွှေငါးကုမ္ပဏီလီမိတက်**) အား "**သုဓမ္မမဏိဇောတဓရ**" ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော် အကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

သီရိသုဓမ္မမဏိဇောတဓရဦးအောင်ဝင်း – ဒေါ်စန်းနု
မိသားစု (အောင်မြတ်သိန်းကုမ္ပဏီလီမိတက်)

ရွှေခြံဝမ္မရိပ်သာ တရားစခန်းပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၃

ဒဂုံမြို့သစ်အရှေ့ပိုင်း (၁၃)ရပ်ကွက် ရှင်ထွေးညိုလမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၄၃) ရွှေခြံဓမ္မရိပ်သာ ကျောင်းတိုက်၌ ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်အထိ၊ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ၊ မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ကလေး အထူးတရားစခန်းပွဲကိုလည်းကောင်း၊ ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ သင်္ကြန်တရားစခန်းပွဲကို လည်းကောင်း၊ မေ ၁၂ရက်မှ ၁၉ရက်အထိ မွေးနေ့အထူး တရားစခန်းပွဲများကို လည်းကောင်း ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေခြံဓမ္မရိပ်သာ ဆရာတော် ဦးဇာဂရိယနှင့် ဦးမာဏဝိကတို့က ဟောကြားပြသမည်ဖြစ်သည်။ (က–ပ)

လေးမျက်နှာမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အသင်းတိုက်ဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

လေးမျက်နှာမြို့နယ်အသင်း၏ ဩဝါဒဆရာတော် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇)၏ ပဓာနနာယက (ပြည်တွင်းပြည်ပ သာသနာပြု) ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ မဟာကမ္မဋ္ဌာနာစရိယအား အမှူးထား၍ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် အသင်းတိုက်ဖွင့်ပွဲ အခမ်းအနားကို ယင်းကျောင်း၌ ဖေဖော်ဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ယင်းအခမ်းအနားတွင် သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ပြီး ဘွဲ့ထူးဂုဏ်ထူးရရှိသူများနှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်ရာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများသည် ဖေဖော်ဝါရီ ၃ရက် နောက်ဆုံးထား၍ ယာယီဥက္ကဋ္ဌ ဦးကြီးမြင့် ဖုန်း–၆၅၁၆၉၃၊ ဒု–ဥက္ကဋ္ဌ ဦးတင်စိုး ဖုန်း–၅၂၆၀၀၆၊ ဒု–ဥက္ကဋ္ဌ ဦးခင်ချို ဖုန်း–၆၆၃၉၁၁၊ ဒု–ဥက္ကဋ္ဌ ဦးဌေးကြူ ဖုန်း–၆၈၀၇၃၉၊ အတွင်းရေးမှူး ဦးမောင်မောင်သွင် ဖုန်း–၅၁၃၄၃၈၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း ဖုန်း–၀၉၅၁–၂၁၄၄၉တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈)ဖြင့် ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး **ဦးကျော်ထင်(ပ/၄၀၄၉)**ကို **စီမံထူးချွန် (တတိယဆင့်)** ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးသန်းထွန်း–ဒေါ်တင်တင်ယု
(သား) မင်းသူရမွန်၊ ဗညားမင်းမွန် မိသားစု၊
အမှတ်(၅)ရပ်ကွက်၊ ကျိုက်လတ်မြို့

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်သား ဘိုကြီး (ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်၊ ရှမ်းပြည်နယ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် "အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ" ဘွဲ့တံဆိပ်အား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် မေမေ မှ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အသက်ရာကျော်ရှည်၍ စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာ့အကျိုး၊ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

မေမေ ဒေါ်ခင်မြင့်
ခြံအမှတ် (၁၀၁)၊ နန္ဒဝန်လမ်း၊ ဗဟန်း။

Coca Suki Restaurant

Since 1957

Coca ချစ်သော Suki နှစ်သက်သူမိဘပြည်သူများ
အားလုံးအတွက် နေ့လယ်စာ အထူးအစီအစဉ်အဖြစ်
January လ (၁၄)ရက်နေ့မှစ၍
Regular Suki Buffet ကို
50% Discount အထူးနှုန်းဖြင့်
ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

(11:00 am to 3:00 pm) အတွင်းသာ

Phone : 229904, 229905, Hp : 09 512 7295

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းလက်အောက်ရှိ ဆည်တော်ကြီး၊ ဖောင်းတူ၊ သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ပစ္စည်းအစုအပုံ(Lot)အလိုက် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်–

(က) **ဆည်တော်ကြီး**

(၁) 12 V ဘက်ထရီ (၂၁)လုံး၊ 2 V ဘက်ထရီ(၁၃၆)လုံး		(Lot-1)
(၂) တာယာဆိုဒ်စုံ	(၂၃၃)လုံး	(Lot-2)
(၃) ဖွဲထွန်စက်	(၁)စီး	(Lot-3)
(၄) ပီပါခွံ	(၁၆၃)လုံး	(Lot-4)

(ခ) **ဖောင်းတူ**

(၁) 12 V ဘက်ထရီ	(၆၂)လုံး	(Lot-1)
(၂) တာယာဆိုဒ်စုံ	(၂၁)လုံး	(Lot-2)

(ဂ) **သဖန်းဆိပ်။** ပီပါခွံ (၁၀၅)လုံး (Lot-1)

၂။	တင်ဒါပုံစံရောင်းချမည့်နေ့ရက် နှင့် နေရာ –	၁၅–၁–၂၀၀၈၊ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၃၈)၊ နေပြည်တော်
၃။	တင်ဒါပိတ်ရက်/အချိန် –	၃၁–၁–၂၀၀၈ ရက်နေ့ (၁၂)နာရီ
၄။	တင်ဒါတင်သွင်းရမည့်နေရာ –	ရုံးအမှတ်(၃၈)၊ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်
၅။	တင်ဒါဖွင့်မည့်နေ့ရက်/အချိန် နှင့်နေရာ –	၃၁–၁–၂၀၀၈ ရက်နေ့ မွန်းလွဲ(၂)နာရီ ရုံးအမှတ်(၃၈)၊ နေပြည်တော်

၆။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များ တစ်စောင်လျှင်(၃၀၀၀/) နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များသိရှိလိုပါက ဖုန်း–၀၆၇–၄၁၁၁၆၈၊ ၄၁၁၀၇၆ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
နေပြည်တော်

"လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း"

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၁/၂၀၀၈ဖြင့် မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့၊ (ရွှေလမင်းပေါင်းနှံ့ဆီစက်ရုံ) ပိုင်ရှင် ဦးသိန်းအောင် အား "သုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက် လှိုက်လှဲ စွာ ဂုဏ်ယူဝမ်း မြောက်မိပါသည်။

သုဓမ္မမဏိဇောတဓရဦးလှထွန်း(လူမှုထူးချွန်)	ဦးနိမာနန္ဒာ(ခ)ဦးမောင်မောင်
သုဓမ္မသိင်္ဂီ ဒေါ်စင်သန်း	ဒေါ်တင်တင်အောင်
စံချိန်မီ စက်ဆီ့ဆီလုပ်ငန်း၊	ကြယ်မင်း–နို့ထွက်ပစ္စည်း
သုံးဆယ်မြို့။	ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်း၊
	ရန်ကုန်မြို့။

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ဖြင့် နိုင်ငံတော်မှ KT. MURUGASAR THEVAR @ **ဦးချစ်မောင် ၆ သုံးလုံး ဒန်သတ္တုလုပ်ငန်း**အား "**သုဓမ္မမဏိဇောတဓရ**" ဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်သည်ကိုကြားသိရသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး တိုး၍ တိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ ဦးတင်မြင့် M.D အေရှကင်း ကုမ္ပဏီလီမိတက်
၂။ ဦးအုံးသန်း Dire: အေရှကင်း ကုမ္ပဏီလီမိတက်
၃။ ဦးထွန်းဝင်း Dire: အေရှကင်း ကုမ္ပဏီလီမိတက်
၄။ ဦးတင်ဝင်း မဟာဗိဿနိုး ဘုရားကျောင်းအဖွဲ့ (ပုဇွန်တောင်)
၅။ ဦးအောင်မြင့်သိန်း ဒု–ညွှန်ကြားရေးမှူး အကောက်ခွန်(ငြိမ်း)
၆။ M.P အန်ဘရဆန်(ခ)ဦးထွန်းအောင် (ကျောင်းဆရာ)
၇။ ဦးသိန်းလွင် Dire: EASTERN Co.,Ltd.
၈။ K.S.C. ဦးရာဂျူး ဘိလပ်မြေရောင်းဝယ်ရေး

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကျေးဇူးတင်ဝမ်းမြောက်ခြင်း

(၁-၁-၂၀၀၈)ရက်နေ့တွင် ရန်ကုန်မြို့၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပသော ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာညည့်ခံပွဲတွင် ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းစွာဖြင့် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မြန်မာဓလေ့ဖြင့် မင်္ဂလာရှိစွာ ဘိသိက်သွန်းလောင်းပေးပါသော ဦးရန်ပိုင်စိုး၊ ဒေါ်ရီရီသန့် တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ ရဟန်းလောင်း၊ ရှင်လောင်းဝတ်စုံနှင့် အသုံးအဆောင်ပစ္စည်းများ ပြည့်စုံအောင် ဆောင်ရွက်ပေးပါသော ဦးကိုကိုကြီးနှင့်ညီများ၊ သမီး မစန္ဒာကြီး၊ ဗွီဒီယိုရိုက်ကူးပေးသော ကြောင်ကမ္ဘာဗွီဒီယိုအဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးသော ကိုကျော်ကျော် (ဓာတ်ပုံ)နှင့် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးမှ ဝန်ထမ်းများအားလည်းကောင်း၊ (၂-၁-၂၀၀၈)ရက် အလှူဒုတိယနေ့တွင် ရွှေတောင်မော်ပရိယတ္တိ စာသင်တိုက်၊ အမှတ် (၆) မြို့ဦးကျောင်းဝိုင်း၊ တောင်ဥက္ကလာပမြို့၌ သိမ်ဆင်းသံဃာတော်များကို သဒ္ဓါထက်သန် ဒါတဗ္ဗဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းပူဇော်ခြင်းနှင့် ရေစက်သွန်းချတရားတော်နာ ကြွရောက်လာသော ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အာဟာရဒါန ကျွေးမွေးလှူဒါန်းမှု အစုစုတို့အတွက် လုပ်အားဒါန ပြုလုပ်ပေးကြကုန်သော ရွှေတောင်မော်ပရိယတ္တိစာသင်တိုက်မှ သာသနဟိတကာရီ ဝေယျာဝစ္စအကျိုးဆောင်များ၊ အလှူတော်မင်္ဂလာညည့်ခံပွဲ အောင်မြင်စွာ လှူဒါန်းနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ဦးထွန်းရ - (ဒေါ်ကျင်လှိုင်)နှင့် သားသမီးများ
(ရောင်နီဦးရွှေပန်းထိမ်နှင့် ရွှေဆိုင်လုပ်ငန်း)
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့

ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

နိုင်ငံတော်က Captain **ရဲအောင် (MASTER) Republic of Liberia** အား **လူမှုထူးချွန်တတိယဆင့်** ကိုလည်းကောင်း၊ **ဒေါ်လဲ့လဲ့ဝင်း(ခ) ဒေါ်ခင်လဲ့လဲ့ဝင်း B.Sc (Hons) M.Sc Chemistry** အား သာသနာတော်ဆိုင်ရာ **သုဓမ္မာသီဂီ** ဘွဲ့တံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ခြင်းအတွက် သူငယ်ချင်းတို့အား အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး တိုး၍ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန် ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

သင်္ဘော Captain (ပြည်ပသွား) သူငယ်ချင်းများ

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ဣ ဣ ဣ ဣ ဣ ဣ ဣ ဣ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် စံပြရွှေငါးကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ

ဦးထွန်းဝင်း(ခ)ဦးအာဝါး အား "သုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။ လာမည့်အနာဂတ်ကာလများတွင်လည်း နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များ
အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၈၈-(၂၄) ရပ်ကွက်၊ အမှတ် (၂၈/၂၉) နေ
ဦးမြအောင်-ဒေါ်ခင်သန်းမြင့် တို့၏သားကြီး
ဗိုလ်ကြီးဇော်လင်းအောင် B.Sc (D.S.A)
M.E (Engineering and Technology in the Field of
"Applied Mathematics and Informatics")
လက်ထောက်ကထိက၊ စစ်တက္ကသိုလ်
နှင့်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ အေးရိပ်မွန်လမ်း၊ ခြံအမှတ် ၁ နေ
ဦးခင်မောင်ဆွေ-ဒေါ်ညိုညိုတင်တို့၏သမီးကြီး
မမွန်မွန်မြတ်ဆွေ B.Sc (Physics)
Diploma in Business Studies (DBS)

တို့၏ ၈-၁-၂၀၀၈ရက်နေ့တွင် ခြံအမှတ် ၁၊ အေးရိပ်မွန်လမ်း၊ အေးရိပ်မွန်အိမ်ရာ နေအိမ်၌ စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးခြင်းနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း (M.D)၊ (ဓနအောင်ကုမ္ပဏီလီမိတက်)နှင့် ဇနီး၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ ၁၃-၁-၂၀၀၈ရက်နေ့တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးအောင်ဝင်း(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစိုးဌာနနှင့် ဇနီး ဒေါ်မူမူတင်၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော ဦးတင်မောင်အေး (ညွှန်ကြားရေးမှူး-ငြိမ်း)၊ ရှေ့နေချုပ်ရုံးနှင့် ဇနီး ဒေါ်ခင်သန်းမြင့်အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ Emperor တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မိတ်ကပ်နှင့်ဆံပင်စိုးစိုး၊ မင်္ဂလာပန်းအလှပြင် စန်းစန်းဦးနှင့် White Rose၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မဇူဇူ (Zu Zu Collection)၊ ဗွီဒီယိုမှတ်တမ်းတင်နှင့်ဓာတ်ပုံ ရိုက်ကူးပေးသော စိုင်းဘုန်းထူးအဖွဲ့နှင့် IVY၊ မင်္ဂလာပန်းကြဲပေးသော ညီမလေးသဇ္ဇာကို၊ မင်္ဂလာအောင်စံပယ် ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဖြူနှင်းဝေ၊ သတို့သားအရံ ဗိုလ်ကြီးရဲထွဋ်အောင်၊ ဗိုလ်ကြီးအာကာဇော်၊ သတို့သမီးအရံ မသဇ္ဇာမျိုးလွင်၊ မခင်သူဇာကျော်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူး ဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဇော်လင်းအောင်နှင့်မမွန်မွန်မြတ်ဆွေ

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ရဲနောင်ဦး [၁၂/မဂတ(နိုင်) ၀၈၁၅၅၀]** နှင့် ကျွန်မ **မမြတ်မိမိကို [၁၂/ဒပန (နိုင်) ၀၄၅၅၅၂]** တို့သည် ၅-၁-၂၀၀၈ ရက်တွင် တရားရုံးချုပ်၌ နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါသည်။

မောင်ရဲနောင်ဦး-မမြတ်မိမိကို

ဥတုရာသီ
တောကိုမှီ၏

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၈)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့ရ **ဦးဘမြင့်** အား ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

သီရိမင်္ဂလာဟံသာဝတီကြို့ပင်စာသင်တိုက်
အကျိုးတော်ဆောင်များ
စစ်ကိုင်းတိုင်း ဝက်လက်မြို့

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၈)ဖြင့် **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသော **ခန့်စည်သူ (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)** အား ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် အနုပညာလုပ်ငန်းများကို တိုးတက်အောင်မြင်၍ (၇)ရက်သားသမီး ပရိသတ်များကိုယ်စား နိုင်ငံအကျိုး၊ သာသနာတော်အကျိုးများကို ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဖေဖေ၊ မေမေ	-	**ဦးဝင်းဆွေ၊ ဒေါ်မင်းသွယ်နု (အမှတ် ၉၀)၊ (စီ-၂) ရွှေတောင်ကြား (၁)လမ်း၊ ဗဟန်း၊**
မမ	-	**ကိုညွန့်စိုး-မနှင်းမြတ်ဝင်း**
ညီမလေး	-	**မောင်လင်းထက်ဖြိုး၊ မမြကေသွယ် (U.K)**

ဘိုကလေး
အထက(၁)
မြတ်ဆရာ
ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်း ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်ရာ တပည့်ဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကြရန်နှင့် အလှူငွေများကို ဘိုကလေးမြို့နယ်အသင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်မြင့် ဖုန်း-၀၉၉၉၇၃၉၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးအုန်းမော် ဖုန်း-၂၁၂၅၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

သဘာပတိယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တတိယအကြိမ်အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ +၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သဘာပတိယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တတိယအကြိမ်အာဆီယံနှင့်အာဆီယံ+၃ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အစည်းအဝေး အစီအစဉ်များကို အတည်ပြုကြပြီး လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်၍ တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို ယနေ့တွင် ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများမှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

ယနေ့ သတင်းအညွှန်း

ပါကစ္စတန်၊ ကင်ညာ၊ လက်ဘနွန်၊ အမေရိကန်၊ ထိုင်းနှင့် ပါလက်စတိုင်းတို့မှ နောက်ဆုံးသတင်းများ — စာမျက်နှာ– ၄၊၅

အင်တာနက်အားကစားသတင်းနှင့် နိုင်ငံတကာ ထူးထူးခြားခြား သတင်းများ — စာမျက်နှာ– ၇

မှုခင်းသတင်းများ — စာမျက်နှာ– ၉

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ **BBC** ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား